ဓမ္မလမ်းစာစဉ်

# ဒီပနီဓမ္မမှတ်စုများ



ဒေါက်တာစိုးလွင် (မန္တလေး)

“ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ”

ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့အား

ဤဓမ္မစာစုဖြင့် ကန်တော့ပါ၏။

# ဒီပနီဓမ္မမှတ်စုများ

ဒေါက်တာစိုးလွင် (မန္တလေး)

**ငါးရက်စခန်းဝိပဿနာသင်တန်း**
(5-days course on Vipassana)

**"မာတိကာ"**

**" အနတ္တဒီပနီ"** ၃ မှ ၁၉
**(လယ်တီဆရာတော်ဘုရားကြီး)**

**"ကမ္မဋ္ဌာနဒီပနီ"** ၂၀ မှ ၄၁
**(လယ်တီဆရာတော်ဘုရားကြီး)**

(၃)

# " အနတ္တာဒီပနီ" (လယ်တီဆရာတော်ကြီး)

## (ကောက်နုတ်ချက်)

## "ကာယဂတာသတိ"

၁။ အာနာပါနသတိ

၂။ ဣရိယာပထသမ္ပဇညသတိ

(ထွက်လေဝင်လေကို သိမ်မွေ့လွန်း၍မရှုနိုင်လျှင် အားထုတ်သင့်၏ )

ဣန္ဒြိယသံဝရသီလ- မြင်လျှင် မြင်ကာမတ္တ၊ ကြားလျှင် ကြားကာမတ္တ၌ တည်နေစေရမည်။ ထိုအာရုံသို့ ဝိတက်၊ ဝိစာရလိုက်စားခြင်း မပြုရ။ မြင်ကာ ကြားကာမျှဖြင့် ကွယ်လွန်စေရမည်။

## "အသမ္မောဟသမ္ပဇည"

ကာယဂတာသတိဆိုသည်နှင့်အညီ ခန္ဓာမှအပ စိတ်မလွင့်ပါးရအောင် သတိဖြင့်အောက်မေ့မှုပေတည်း။ အမှတ်တမဲ့မပြုရ။ စိတ်တွင် ထင်၍မြင်၍ သာပြုသည်ကို အသမ္မောဟသမ္ပဇည ဆိုသတည်း။

## "သမ္ပဇညနှစ်ပါးတို့၏လိုရင်းပဓာန"

ဣရိယပထသမ္ပဇညနှင့် အသမ္မောဟသမ္ပဇညတို့ကား အများနှင့် သင့်လျော်၏။ ဝိပဿနာ၏ ဥပစာရအကျိုးငှာ ရှေးဦးစွာ ကာယဂတာသတိကို "ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ" (သွားလျှင် သွားမှန်းသိပါ) အစရှိသော ပုဗ္ဗဘာဂတို့၌ အတ္တသညာ၊ သတ္တသညာ၊ ဇီဝသညာ ကင်းပျောက်မှုသည် ပဓာနမဟုတ်ပေ။ ခန္ဓာအစိတ်အပေါင်း၌ သတိမလွတ်အောင် သတိသံဝရ၊ ဣန္ဒြိယသံဝရ၊ ကာယဂတာသတိမှုမျှသာ လိုရင်းပဓာနဖြစ်သည်။

## " ကာယဂတာသတိ လိုအပ်သူ၊ မလိုအပ်သူ"

ဝိပဿနာမည်သည် ဉာဏ်ပညာနှင့် ထိုးထွင်း၍ ပေါက်ရောက်အောင် ထင်နိုင်မြင်နိုင်လျှင် ကိစ္စပြီး၏။ ဉာဏ်ပညာထက်သန်သောသူတို့မှာ ကာယ

ဂတာသတိပ္ပားများမှုကို အထူးအားထုတ်စရာ မလိုဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကောင်းစွာထင်မြင်လျှင် ကိစ္စပြီးနိုင်၏။ ထိုသို့ မထင်မြင်နိုင်သူတို့မှာ ကာယ ဂတာ (သတိ)ကို ရှေးဦးစွာပွား၍ စိတ်တည်ကြည်မှုရမှ ဝိပဿနာကို အားထုတ် ရာ၏။

## " ပရိညာသုံးပါး"
## (ပိုင်းခြားသိမြင်ခြင်း)

၁။ ဉာတပရိညာ - နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ရုပ်နာမ် ဓမ္မသင်္ခါရတို့၏ ဒုက္ခသစ္စာအချက်ကို ပိုင်းခြားသိခြင်း

၂။ တီရဏပရိညာ - ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အချက်တို့ကို ပိုင်းခြားသိခြင်း

၃။ ပဟာနပရိညာ - ရုပ်နာမ်ဓမ္မ သင်္ခါရ၌ သာယာတွယ်တာသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အမြစ်နှင့်တကွ အပြီးပယ်ခြင်း

## " သုခသညာကို အပြီးပယ်နိုင်သူနှင့်မပယ်နိုင်သူ"

(အနိစ္စနှင့် အနတ္တ)ကို သောတာပတ္တိမဂ်က အပြီးတိုင် မြင်နိုင်၍(ဒိဋ္ဌိ)ကို ပယ်နိုင်၏။ (ဒုက္ခ)ကိုကား အရဟတ္တမဂ်ရောက်မှ အပြီးတိုင် ထင်မြင်လေသည်။ အောက်အရိယာပုဂ္ဂိုလ်တို့ကား ဒုက္ခကိုအပြီးတိုင် မထင်မြင်နိုင်သေးသည့် အတွက် (တဏှာနှင့်မာန)ကို မပယ်နိုင်ခြင်းဖြစ်ပေသည်။

## " သောတာပန်အာရုံခံစားသေးခြင်း"

သောတာပန်သည် (သုခသညာ)နှင့်ယှဉ်သော သမုဒယသစ္စာ(တဏှာ မာန)တို့ကို မပယ်နိုင်သေးခြင်းကြောင့် (၇)နှစ်အရွယ်က သောတာပန်ဖြစ်သော (ဝိသာခါ)သည် သားတစ်ကျိတ်၊ သမီးတကျိတ်ရပြီး ယခုအခါ၌လည်း နိမ္မာနရတိနတ်ပြည်မှာ နတ်မင်းကြီး၏နတ်မိဖုရားအဖြစ် ခံစားလျှက်ပင် ရှိသေးသည်။ သောတာပန်ဖြစ်သော(သကြားမင်း)သည် ယခုအခါ နတ်မိဖုရား

သုံးကုဋေခြောက်သန်းနှင့် ခံစားလျှက်ပင်ရှိ၏။

## "ဝိပလ္လာသ (၃)ပါး"

၁။ ဒိဋ္ဌိဝိပလ္လာသ (အယူမှားမှု)

၂။ သညာဝိပလ္လာသ (အမှတ်မှားမှု)

၃။ စိတ္တဝိပလ္လာသ (အသိမှားမှု)

အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘလို့ အယူမှား၊ အမှတ်မှား၊ အသိမှား၏။

***ဒိဋ္ဌိဝိပလ္လာသ*** - မိမိ၏ကိုယ်တွင်းမှာ စိတ်ကို တစ်သက်လုံး တစ်စိတ်တည်းသာ အမှန်ဖြစ်၏။ ထိုစိတ်သည် သတ္တဝါ၏ (အနှစ်သာရ) အတ္တအဖြစ် မြင်၏။ ဤကား ဒိဋ္ဌိ၏အယူမှားမှု ဖြစ်သည်။

***သညာဝိပလ္လာသ*** - စိတ်မြင်တိုင်း၊ ဒိဋ္ဌိမြင်တိုင်း အဟုတ်အမှန်ပြု၍ အမြဲအစွဲ မှတ်သားမှုတည်း။ သညာ၏ မှတ်သားမှုသည် ကာလကြာမြင့်သည့် အလျှောက် အလွန်ခိုင်မြဲ၏။ ပယ်ဖျက်ခြင်းငှာ အလွန်ခဲယဉ်းလှ၏။

***စိတ္တဝိပလ္လာသ*** - စိတ်သည် ရုပ်တရား၊ နမ်တရားတို့ကို တစ် ပေါင်းတည်း တစ်ခုတည်းအဖြစ် အပေါင်း သမူဟ ပညတ်ကိုသာ မြင်တတ်၏။ ရုပ်တရား နမ်တရားတို့၏ ဖြစ်မှု၊ ချုပ်မှုဖြစ်စဉ်ကို မမြင်တတ်ပေ။ တဆက်တည်း အနေဖြင့် အစဉ်သန္တတိ ပညတ်ကိုသာ မြင်တတ်၏။ တစ်သက်လုံးမှ တစ်စိတ် ဟုသာ မြင်၏။ ဤကား စိတ်၏အသိမှားမှု ဖြစ်သည်။

## " ဂါဟ " (စွဲလမ်းဖမ်းယူခြင်းသုံးပါး)

လောက၌ အတင်းအကြပ် (ဖမ်းတတ်)သည်ကို ဂါဟဟု ခေါ်၏။

၁။ တဏှာဂါဟ - ရုပ်နမ်တရားတို့ကို ငါ့ဟာ၊ ငါ့ဥစ္စာဟူ၍ စွဲလမ်း၏။

၂။ မာနဂါဟ - ရုပ်နမ်တရားတို့ကို ငါဟုစွဲလမ်း၏။

၃။ ဒိဋ္ဌိဂါဟ - ရုပ်နမ်တရားတို့ကို ငါ၏အတ္တဟုစွဲလမ်း၏။

## " ဂါဟ(၃)ပါးပျောက်ပုံ"

၁။ ရုပ်နမ် ခန္ဓာတို့၏ အနိစ္စအချက်ကို ကောင်းစွာမြင်သောအခါ အနိစ္စ၌ နိစ္စဟူ၍မှားသော ဒိဋ္ဌိ၊ သညာ၊ စိတ္တ ဝိပလ္လာသ သုံးပါးပျောက်၏။ အနိစ္စ၌ နိစ္စဟုစွဲလမ်းသော တဏှာ၊ မာန၊ ဒိဋ္ဌိ ဂါဟ သုံးပါးလည်း ပျောက်၏။

၂။ ရုပ်နမ် ခန္ဓာတို့၏ ဒုက္ခအချက်ကို ကောင်းစွာမြင်သောအခါ ဒုက္ခ၌ သုခဟူ၍မှားသော ဝိပလ္လာ(၃)ပါးနှင့်တကွ ဂါဟ(၃)ပါးလည်းပျောက်၏။

၃။ ရုပ်နမ်ခန္ဓာတို့၏ အနတ္တအချက်ကို ကောင်းစွာမြင်သောအခါ အနတ္တ၌ အတ္တဟူ၍မှားသော ဝိပလ္လာသ(၃)ပါးနှင့်တကွ ဂါဟ(၃)ပါးလည်း ပျောက်၏။

## "ဝေဒနာအပြားငါးပါး"

ဉာတပရိညာ၌ ဝေဒနာ၏အပြားကိုသိရာ၏။ ဝေဒနာဖြစ်ကြောင်း၊ ဝေဒနာ၏ပဋိစ္စသမုပ္ပါဒ်အချက်၊ ဝေဒနာ၏အဿဒ၊ ဝေဒနာ၏အာဒီနဝ၊ ဝေဒနာ၏ဒုက္ခသစ္စာကို သိရာ၏။

ဝေဒနာသည် ငါးမျိုးပြား၏။

၁။ ဒုက္ခဝေဒနာ

၂။ ဒေါမနဿဝေဒနာ

၃။ သုခဝေဒနာ

၄။ သောမနဿဝေဒနာ

၅။ ဥပေက္ခာဝေဒနာ

***ဒုက္ခဝေဒနာ*** - ကိုယ်ဆင်းရဲမှုတည်း။

***ဒေါမနဿ*** - စိတ်ဆင်းရဲမှုတည်း။ အလာဘ၊ အယသ၊ နိန္ဒာ၊ ဒုက္ခ ဤအနိဋ္ဌလောကဓံ (၄)ပါးနှင့်တွေ့ရသော ဗာလပုထုဇဉ် တို့အား ဒေါမနဿ ဖြစ်၏။

***သုခဝေဒနာ*** - ကိုယ်ချမ်းသာမှုတည်း။

***သောမနဿဝေဒနာ*** - စိတ်ချမ်းသာမှုတည်း။ ဣဋ္ဌလောကဓံ (၄)ပါး ဖြစ်သော လာဘ၊ ယသ၊ ပသံသာ၊ သုခတို့နှင့် တွေ့ရသောအခါ သောမနဿ ဖြစ်၏။

***ဥပေက္ခာဝေဒနာ*** - သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿတို့မှအလွတ် ဖြစ်သော ကောင်းသည်လည်းမဟုတ် မကောင်းသည်လည်း မဟုတ်သော ဝေဒနာမျိုးတည်း။ (၆)ဒွါရ၌ စိတ်ဖြစ်လျှင် ဝေဒနာ အမြဲပါ၏။

## " အကြောင်းကြောင့်အကျိုးဖြစ်လာပုံ"

ဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်ကိုပြဆိုအံ့။ ဖဿပစ္စယာ ဝေဒနာဟု ဟောတော်မူ၏။ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿဟူသော ဖဿ (၆)ပါးသည် အကြောင်းတရားမည်၏။ (၆)ဒွါရ၌ ထိခိုက်သော အာရုံ (၆)ပါးကို သိကာမျှ အမှုအရာသည် စိတ်တည်း၊ ဝိညာဏ်တည်း။ သိကာမျှထက်မပို။

## " ဝိညာဏ်၊ ဖဿ၊ ဝေဒနာ (၃)မျိုးခွဲနည်း"

သိမှုဟူသော ဝိညာဏ်ဖြစ်ပေါ်သည်ရှိသော် (အာရုံ၏ရသ)ကို ဖိနှိပ် ကြိတ်ဝါးမှုဟူသော ဖဿစေတသိက် (သိမှုနှင့်အတူ)ဖြစ်၏။ ဖဿ၏အစွမ်း ကြောင့် ဝေဒနာသည် ဖြစ်ပေါ်ရ၏။ ဥပမာ ကြံချောင်းသည် အာရုံနှင့်တူ၏။ ကြိတ်ဆုံသည် ဝိညာဏ်နှင့်တူ၏။ ကြံချောင်းကိုအရည်ထွက်အောင် ဖိနှိပ် ကြိတ်ချေသည့် ကျဉ်ပွေ့သည် ဖဿနှင့်တူ၏။ ကြံရည်သည် အာရုံ၏ ရသနှင့် တူ၏။ သုံးဆောင်ခံစားမှုသည် ဝေဒနာနှင့်တူ၏။ ဤသို့ ပိုင်းခြားသိအောင် ဆင်ခြင်ရပေမည်။

## " ပဋိစ္စသမုပ္ပါဒ်ဉာဏ်"

အတွင်းရုပ်နှင့် အပြင်ရုပ် နှစ်ပါးတို့ ထိခိုက်မှုကို အစွဲပြု၍ စိတ်ဖြစ်

ပေါ်မှုကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဆို၏။ မထိခိုက်မီ (ရှေ့အဖို့၌)လည်း စိတ်သည် ရှိနေသည်မဟုတ်၊ (ထိခိုက်ဆဲ ခဏမှာမှ ဖြစ်ပေါ်လာမှုသက်သက်သာ) တည်းဟု သိသောဉာဏ်ကို (ပဋိစ္စသမုပ္ပါဒ်ဉာဏ်)ဟုခေါ်၏။ ဥပမာ-မီးခတ်နှင့် ကျောက် ထိခိုက်မိသောအခါ မီးပွင့်ဖြစ်ရာ၌ ထိုမီးပွင့်သည် မီးခတ်ထဲမှာလည်း ရှိနေသည်မဟုတ်၊ ကျောက်ခဲထဲမှာလည်း ရှိနေသည်မဟုတ်၊ ထိခိုက်ဆဲ ခဏမှာသာ ဖြစ်ပေါ်လာသော (အာဂန္တုခမ္မ သက်သက်)သာဖြစ်၏။ ဝတ္ထုခြင်း ထိခိုက်မိ၍ (အသံဓါတ်)ဖြစ်ပေါ်ရာ၌လည်း အသံဓာတ်သည် (အာဂန္တုခမ္မ သက်သက်) မျှသာဖြစ်၏။

## "ဝေဒနာ၏ပဋိစ္စသမုပ္ပါဒ"

အထက်ပါ ဥပမာများနှင့်တကွ ဝိညာဏ်၌ပြဆိုခဲ့သည့်အတိုင်း ဖဿဓါတ်၏ထိခိုက်မှုကြောင့် ခံစားမှု ဝေဒနာသည်လည်း (အာဂန္တုခမ္မသက်သက်) မျှသာ ဖြစ်ပေါ်နေသော ပဋိစ္စသမုပ္ပါဒ်ဖြစ်၏။ ထိုသို့(ပဋိစ္စသမုပ္ပါဒ်) အချက်ကို ပိုင်ပိုင်မြင်နိုင်မှ (အနိစ္စ၊ အနတ္တ) လက္ခဏာကို ပိုင်ပိုင် ထင်မြင်နိုင်လေသည်။

## "နိစ္စသညာ အတ္တသညာ"

အုတ်ကျောက်နှင့်ထိခိုက်၍ နာကျင်ရာ၌ ငါနာသည်ဟု စွဲလမ်းမှုမှာ နိစ္စသညာ အတ္တသညာ နှစ်ပါးပါဝင်၏။ နာကျင်တတ်သော ငါသည် နဂိုလ်ကပင် ထာဝရရှိနေသည်ဟု ထင်မှတ်သည်ကား နိစ္စသညာတည်း။

နာကျင်မှု ဝေဒနာသည် ငါဟူသော သတ္တဝါ၏အနှစ်သာရ အတ္တမျိုးစင်စစ်ဖြစ်၍ ပဋိသန္ဓေနေကတည်းက ပါရှိနေ၏။ ဒွါရ၌ အာရုံတိုက်လာသော အခါမှာ ထင်ရှားဖြစ်ပေါ်လာ၍ အာရုံတိုက်မှုမရှိသောအခါ ကိုယ်တွင်းမှာ အမြဲ တည်နေ၏ဟု ထင်မှတ်သည်ကား အတ္တသညာတည်း။

## "ပဋိစ္စသမုပ္ပါဒ်မှ မြင်အောင်ရှု"

ဝေဒနာ၏ (အာဂန္တုခမ္မ ပဋိစ္စသမုပ္ပါဒ်)အချက်ကို ပိုင်ပိုင်မြင်သော

အခါ နဂိုကတည်းက ကိုယ့်သန္တာန်မှာရှိ၍နေသော ဓမ္မမျိုးမဟုတ်၊ (ယခုမှ) တိုက်ခိုက်မှုကို အစွဲပြု၍ (ဖြစ်ပေါ်လာသောဓမ္မ)ကို ဉာဏ်၌ ဒိဋ္ဌပစ္စက္ခ သိမြင်ရသဖြင့် ကိုယ်ခန္ဓာမှာ ထာဝရရှိနေသော (နိစ္စဓမ္မ၊ အနှစ်သာရ အတ္တဓမ္မ) မဟုတ်ကြောင်းသည် ထင်ရှားလာလေသတည်း။ ပူမှု၊ အေးမှု၊ ကိုက်မှု၊ ခဲမှု၊ နာမှု၊ ကျင်မှုအစရှိသည့် (ဝေဒနာ၏ပဋိစ္စသမုပ္ပါဒ်)ကို ပိုင်ပိုင်နိုင်နိုင် မြင်အောင်ထင်အောင် ဆင်ခြင်၍ကြည့်ပါလေ။

## " သောမနဿဝေဒနာ၏ပဋိစ္စသမုပ္ပါဒ် "

မိမိနှစ်သက်သော အဆင်းသဏ္ဌာန်ကို တွေ့မြင်ရ၍ ထိုအာရုံသည် မျက်စိ၌၄င်း၊ မနော၌၄င်း၊ (တစ်ပြိုင်နက် တစ်ချက်တည်း) ထိခိုက်၏။

ဉပမာ- လဝန်းသဏ္ဌာန်ကိုမြင်ရာ လဝန်းသဏ္ဌာန်အရိပ်သည် မျက်စိ၌၄င်း၊ မနော၌၄င်း (တစ်ပြိုင်နက် တစ်ချက်တည်း)ပေါ်၏။ မနော၌ သောမနဿစိတ်တို့သည် ဖွေးခနဲ မစဲဖြစ်ပေါ်ကုန်၏။ ထို(ဇောစိတ်)တို့၏ အဟုန်ကြောင့် ရွှင်လန်းသော (ရုပ်ကလပ်အသစ်)တို့သည် မျက်နှာနှင့်အပြည့် ခဏခြင်း ဖြစ်ပေါ်လာ၏။ ယင်းကို (အာဂန္တုဓမ္မသဘာဝ)ဟူ၍ မခွဲခြားနိုင်ပဲ ထိုသူရယ်သည်၊ ထိုသူပြုံးသည်ဟူ၍ သိမြင်ကြကုန်၏။ (ပဋိစ္စသမုပ္ပါဒ် သဘော) အနေဖြင့် သိမြင်ကြသည် မဟုတ်ကုန်။

## " ဟုတ်မှန်သော ပဋိစ္စသမုပ္ပါဒ်အသိ "

(ပဋိစ္စသမုပ္ပါဒ်)အနေဖြင့် သိမြင်ပုံကား နှစ်သက်သောအဆင်း သဏ္ဌာန်ကိုမြင်၍ ထိုအဆင်း သဏ္ဌာန်၏ ထိခိုက်မှုကိုအစွဲပြု၍ (ကောင်းကင်မှကျလာ) သကဲ့သို့ ထိုသူ၏နှလုံးသွေးအတွင်းမှာ -

၁။ မနောဝိညာဏဓါတ်

၂။ မနောသမ္ဖဿဓါတ်

၃။ မနောသမ္ဖဿဇာ သောမနဿဝေဒနာ ဖြစ်ပေါ်လာ၏။

ထိုခါတ်တို့၏အဟုန်ကြောင့် မျက်နှာတစ်ပြင်လုံး (စိတ္တဇရုပ်သစ်) တို့သည် ဖြစ်ပေါ် ကုန်၏။ ဤသို့ သိခြင်းသည်သာလျှင် ဟုတ်မှန်သည့်အတိုင်း (ပဋိစ္စသမုပ္ပါဒ်)အချက်နှင့်သိခြင်းဖြစ်သည်။

## “ဝေဒနာ၏အဿာဒနှင့်အာဒီနဝ”

***အဿာဒ*** - သာယာမှုတည်း။ လာဘ၊ ယသ၊ ပသံသာ၊ သုခ ဆိုသော ဤဣဋ္ဌ လောကဓံလေးပါးကား အဿာဒတည်း။

***အာဒီနဝ*** -မသာယာမှုတည်း။ အလာဘ၊ အယသ၊ နိန္ဒာ၊ ဒုက္ခ ဆိုသော ဤအနိဋ္ဌ လောကဓံလေးပါးကား အာဒီနဝအဖို့တည်း။

## “ အာဒီနဝဒုက္ခ ကြိတ်ညှပ်နေပုံ”

အဿာဒ၏ ရှေ့အဖို့၊ နောက်အဖို့၌ အာဒီနဝ နှစ်ချက် ညှပ်လျှက် ရှိနေမြဲ ဓမ္မတာဖြစ်၏။ လူချမ်းသာ၊ နတ်ချမ်းသာတို့၏ ရှေ့အဖို့ အားထုတ် ရသောသင်္ခါရဒုက္ခနှင့် လူ၊ နတ်တို့၏သေဆုံးပျက်ပြားရမှု အနိစ္စတရားတို့သည် နောက်အဖို့ အာဒီနဝကြီးဖြစ်၏။ ဥပမာ- ထမင်းစားမှုသည် အဿာဒတည်း။ ထမင်းချက်မှု ဒုက္ခသည် ရှေ့အဖို့ အာဒီနဝတည်း။ စားပြီး ကျင်ကြီးကိစ္စသည် နောက်အဖို့ အာဒီနဝတည်း။ အဿာဒကို မက်သောကြောင့် အာဒီနဝ၏ အနှိပ်အစက်ကို ငုတ်တုတ်ခံနေကြရ၏။ (သုခတစ်ခုကို ရချင်သောကြောင့် ဒုက္ခနှစ်ခုကိုရမည်ဆိုလျှင် ထိုသုခကို လိုချင်မည်လော။)

## “ တဏှာကြောင့်ဝေဒနာကိုခံစားကြရသည်”

လူ၊ နတ်တို့၏စိတ်သဏ္ဍာန်၌ရှိသော တဏှာရာဂသည် အလွန်ယားယံ တတ်သော ဝဠ်နာနှင့်တူ၏။ အနာငန်းထ၍ယားတိုင်း ပွတ်သတ်မည့်သူ (ဝါ) တုံးနား၊ တိုင်နား၊ နံရံနားသို့ အယားဖျောက်ရန် ချဉ်းကပ်ရ၏။ အဆင်း သဏ္ဍာန်ကိုသာယာသော ရူပတဏှာသည် သတ္တဝါတို့၏စိတ်ကို အယား တိုက်၏။ အဆင်းသဏ္ဍာန်ကို ချဉ်းကပ်ရ၏။ ထိုအခါ ချမ်းသာသော အရသာ

ကောင်းသော သုခသောမနဿဝေဒနာ ဖြစ်ပေါ်၏။ ထိုဝေဒနာကို သာယာသော ရူပတဏှာသည် ထပ်၍ဖြစ်နေပြန်၏။ ထို့အတူ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖေါဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့၌လည်း ဤနည်းတူဖြစ်၏။

## "ဓမ္မတဏှာအမျိုးမျိုး"

တဏှာနှင့်ခံစားပြီးနောက် ထိုတဏှာ၊ ထိုဝေဒနာတို့ကိုပင် အမှတ်ရ၍သာယာနေပြန်သော တဏှာသည်၄င်း၊ ထိုမှတပါး

၁။ လောကဂုဏ်ကျက်သရေကို သာယာသောတဏှာ

၂။ မိမိ၏ဒါနကို သာယာသောတဏှာ

၃။ မိမိ၏သီလကို သာယာသောတဏှာ

၄။ မိမိ၏ဘာဝနာကို သာယာသောတဏှာ

၅။ မိမိ၏သဒ္ဓါကို သာယာသောတဏှာ

၆။ ပရိယတ်ဂုဏ်ကို သာယာသောတဏှာ

၇။ ပညာကို သာယာသောတဏှာ

၈။ မိမိပြုသောဒုစရိုက်ကို သာယာသောတဏှာ

၉။ မိမိပြုသောသုစရိုက်ကို သာယာသောတဏှာ

## "ဝေဒနာတို့၏ဒုက္ခသစ္စာ"

ဒုက္ခဝေဒနာနှင့် ဒေါမနဿတို့သည် ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ဖြစ်ကြ၏။ ဒုက္ခကေန်မှန်၏။ ဒုက္ခသစ္စာ ဖြစ်၏။ သို့သော် သုခဝေဒနာနှင့် သောမနဿတို့ကား အခိုက်အတန့်အားဖြင့်သာ ထင်ရှားသော သုခသဘောတည်း။ (အချင်းခပ်သိမ်း ဒုက္ခငြိမ်းသည်)ဆိုသော (သုခမျိုး)မဟုတ်။ သုခ၊ သောမနဿ ဝေဒနာတို့မှာ လောကဓံဆိုးတို့နှင့် ကြုံသောအခါ၌၄င်း၊ အနာရောဂါမျိုးစုံနှင့် ကြုံသောအခါ၌၄င်း သုခဝေဒနာ သောမနဿ ဝေဒနာတို့သည် ပျက်ကြရ၏။ အခိုက်အတန့်သာ ထင်ရှားသော သုခဝေဒနာသာဖြစ်သည်။

သုခအစစ်အမှန် မဟုတ်လေရကား (သစ္စာဒေသနာတော်) အလိုအားဖြင့် (ဒုက္ခသာ) အစစ်အမှန်ဖြစ်သည်။ ဒုက္ခသစ္စာသာဖြစ်၏။ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့မှာလည်း ဇရာမရဏဒုက္ခ၊ အပါယ်သို့ကျရောက်ရခြင်း ဒုက္ခစသည်တို့နှင့် ဝန်းရံ ဆက်ဆံနေရကုန်သည်ဖြစ်၍ ဒုက္ခသစ္စာသာဖြစ်ကုန်၏။ (သုခအစစ်အမှန်)ဆိုသည်ကား (ခံစားမှု သုခဝေဒနာမျိုးမဟုတ်)၊ (ဒုက္ခခပ်သိမ်းတို့ ချုပ်ငြိမ်းမှု)သာလျှင် (သုခအစစ်အမှန်) ဖြစ်လေသည်။

## "ယထာဘူတဉာဏ်"

ဝေဒနာသည် အဘယ့်ကြောင့်ဖြစ်ပေါ်သနည်းဟု ဆင်ခြင်ရာ၏။ ဖဿပစ္စယာ ဝေဒနာဟူ၍ ဟောတော်မူသဖြင့် ဖဿကြောင့် ဖြစ်ပေါ်သည်ဟုမြင်ရာ၏။ ဝေဒနာဖြစ်ပေါ်ရာ၌ (ဖဿသည်အကြောင်း)တည်း။ (ဖဿမဖြစ်သေးမီ ကိုယ်ခန္ဓာအတွင်းမှာ ထိုဝေဒနာရှိနေသည်မဟုတ်)ဟု မြင်ရာ၏။ ထိုသို့ မြင်သောဉာဏ်သည် (ပစ္စယပရိဂ္ဂဟဉာဏ်)မည်၏။ (ကင်္ခါဝိတရဏဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ ယထာဘူတဉာဏ်)မည်၏။

ဤဒုက္ခဝေဒနာသည် ဖဿကိုအစွဲပြု၍ (ယခုမှအသစ်) ဖြစ်ပေါ်သောတရားဖြစ်၏။ (နိစ္စတရားမဟုတ်)၊ ဖဿပေါ်ခိုက်မှသာ ဖြစ်ပေါ်လာသော (အနိစ္စတရားသာတည်း)။ အာဂန္တုတရားသာတည်း။ လျှပ်ရောင်ကဲ့သို့၎င်း၊ မိုးပေါ်ကျသကဲ့သို့ (ယခုမှအသစ်)ဖြစ်ပေါ်လာသော ဓမ္မသာတည်း။ ဖဿချုပ်လျှင်လည်း ဒုက္ခဝေဒနာ ပျောက်ကွယ်ကုန်၏။ ထိုသို့ ဝေဒနာ၏ (အမြဲရှိ)နေကြသည် မဟုတ်ဟူ၍၎င်း၊ (ဖြစ်မှုချုပ်မှု)ကို၎င်း ပစ္စက္ခ ဒိဋ္ဌ မြင်သည်ရှိသော် အနိစ္စလက္ခဏာကို ကောင်းစွာမြင်လေ၏။

## "အနတ္တပရိညာ"

**(ပဋိစ္စသမုပ္ပါဒ်)**အချက်ကို ကောင်းစွာမြင်သဖြင့် **(အနတ္တလက္ခဏာ)** ထင်ရှား၏။

၁။ အနတ္တ - ကိုယ်မဟုတ်

၂။ အနတ္တ - အစိုးမရ

၃။ အနတ္တ - အလိုသို့မလိုက်

ဤအချက်(၃)ချက်အတိုင်း ဝေဒနာတို့ကို ထင်မြင်အောင်ရှုရမည်။ ဝေဒနာ (၃)ပါးတို့သည် **(မိမိကိုယ်တွင်းမှာ)** ဖြစ်လာသော်လည်း **(မိမိကိုယ်လည်းမဟုတ်၊ ကိုယ်ပိုင်ဥစ္စာလည်းမဟုတ်)**ဟူသော အနက်ကို ပြလိုရင်းတည်း။

(မှန်ထဲမှပုံရိပ်တို့မည်သည် အမြဲရှိ၍နေသည် မဟုတ်)၊ ဆုံမိကြဆဲအခါ၌သာ အခိုက်အတန့်အားဖြင့် ပေါ်လာကြခြင်းဖြစ်သည်။ ထို့အတူ **(အာရုံနှင့်တွေ့ထိဆဲ)**အခါ၌သာ အခိုက်အတန့်အားဖြင့် **(ဝေဒနာတို့ဖြစ်ပေါ်)**နေခြင်းကို (ပဋိစ္စသမုပ္ပါဒ်အချက်)ဟု ခေါ်သည်။

ဤသို့ ဝေဒနာတို့၏ (ပဋိစ္စသမုပ္ပါဒ်အမှု၊ အာဂန္တုကအမှု)ကို ကောင်းကောင်းထင်မြင်သည်ရှိသော် ဝေဒနာတို့၏(အနတ္တဓမ္မမျိုး) စစ်စစ်ဖြစ်ကြောင်းအချက်ကို လွယ်လွယ်ထင်မြင်လေတော့သည်။

## “ပဋိစ္စသမုပ္ပါဒ်မြင်၍ အနတ္တလက္ခဏာထင်ပုံ”

ပဋိစ္စသမုပ္ပါဒ်အချက်ကို ကောင်းကောင်းကြီးမြင်သဖြင့် ထင်ရှားသော အနတ္တလက္ခဏာကိုပြဆိုအံ့။ ဉာတပရိညာအခန်း၌ ပြဆိုခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ်အစီအရင်ကို ဤနေရာ၌ဆောင်၍သိလေ။ လိုရင်းအဓိပ္ပါယ်မှာ မှန်ပြင်မှာလူမျက်နှာရိပ်ပေါ်ရာ၌ ထိုမျက်နှာရိပ်သည် မှန်လည်းမဟုတ်သလို မျက်နှာလည်းမဟုတ်။ မျက်နှာနှင့်တူလေရကား မျက်နှာရိပ်ဟူ၍ခေါ်ရ၏။ မျက်နှာရိပ်တို့မည်သည် မှန်ထဲမှာ အမြဲရှိနေကြသည်မဟုတ်ကုန်။ မှန်နှင့်ဆုံမိဆဲအခါ၌သာ အခိုက်အတန့်အားဖြင့် ပေါ်လာကြကုန်၏။ လူမျက်နှာကွယ်ပြန်လျှင်လည်း မှန်ထဲမှာ မျက်နှာရိပ် ကွယ်ပျောက်ပြန်၏။

ထို့အတူ ဝေဒနာတို့သည်လည်း အာရုံတို့နှင့်တွေ့ထိဆဲအခါ၌သာ အခိုက်အတန့်အားဖြင့် ကိုယ်သန္တာန်အတွင်းမှာ ဖြစ်ပေါ်လာကြ၏။ ထိုအာရုံတို့ကွယ်ပြန်လျှင်လည်း ကွယ်ပျောက်ချုပ်ဆုံးကြကုန်၏။ ဤသို့ဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ်အချက်ဟုဆိုသတည်း။

ဝေဒနာတို့သည် **(မိမိကိုယ်တွင်းမှာ ဖြစ်ပေါ်)**လာသော်လည်း မိမိနှင့် **(ဆိုင်ရာမဟုတ်ကုန်)**ဟူသောအနက်ကို ပြလိုရင်းတည်း။ မိမိကိုယ်လည်း မဟုတ်ကုန်၊ မိမိကိုယ်ပိုင်ဥစ္စာလည်းမဟုတ်ကုန်။ မိမိကိုယ်ခန္ဓာအတွင်းမှာ အမြဲရှိနေသောတရားလည်း မဟုတ်ကုန်ဟူသောအနက်ကို ပြလိုရင်းတည်း။

ဤသို့ ဝေဒနာ၏**(ပဋိစ္စသမုပ္ပါဒ်အမှု အာဂန္တုကအမှု)**ကို ကောင်းကောင်းကြီးထင်မြင်သည်ရှိသော် **(အနတ္တထင်မြင်)**နိုင်တော့မည်ဧကန်တည်း။

## "အနတ္တထင်မြင်ခြင်း၏အကျိုးအာနိသင်"

အနတ္တကောင်းကောင်းထင်မြင်နိုင်လျှင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အကြွင်းမဲ့ ချုပ်ငြိမ်းသော သောတာပတ္တိမဂ်ဉာဏ်သို့ရောက်၏။ သောတာပန် အရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်၏။ စိတ်သန္တာန်၌ (အတ္တဒိဋ္ဌိ၏ ကင်းငြိမ်းခြင်းသည် သဥပါဒိသေသနိဗ္ဗာန်) ချမ်းသာကြီးပင်ဖြစ်လေသည်။

## "ဝေဒနာကို ကမ္မဋ္ဌာန်းပြုရခြင်းအကြောင်း"

စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာစသော ဤငါးပါးသောတရားတို့သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ပေါက်ရောက်နိုင်သောတရားစုပေတည်း။ သို့သော် ဝေဒနာသည် သုခဒုက္ခမျိုးဖြစ်၍ ရှင်လူတို့အား အလွန်ထင်ရှား၏။ ထို့ကြောင့် ဝေဒနာတစ်လုံးကိုသာ ကမ္မဋ္ဌာန်းပြု၍ပြရာ၏။ ထိုသို့ ပြရာ၌လည်း သောတာပတ္တိမဂ်သို့ဆိုက်ရုံ အနိစ္စပရိညာ အနတ္တပရိညာနှစ်ပါး ထမြောက်ရုံသာ ပြလိုက်သည်။ ဒုက္ခပရိညာမူကား အရဟတ္တမဂ်သို့ရောက်မှ အဆုံးတိုင် ထမြောက်နိုင်လေသည်။

ထိုငါးပါးသောတရားတို့တွင် တစ်ခုသောတရားနှင့် ပေါက်ရောက်နိုင်ကြောင်းကို သိအပ်ယုံကြည်အပ်၏။

**"ဝိညာဏ်တစ်လုံးပိုင် ရဟန္တာဖြစ်နိုင်"**

ဝိညာဏာဟာရကို ပရိညာသုံးပါးဖြင့် အဆုံးတိုင်ပိုင်နိုင်သည်ရှိသော် နာမ်ရုပ်ဟူသမျှသည် အလိုလို ပိုင်နိုင်မှုကိစ္စ ပြီးစီးလေတော့သည်။ နာမ်ရုပ်နှစ်ပါးကိစ္စ ပိုင်နိုင်ပြီးစီးသည်ရှိသော် ထိုထက်အလွန် တစ်စုံတစ်ခုမျှ အားထုတ်ဖွယ်ကိစ္စသည် မရှိပြီဟု ငါဘုရားဟောတော်မူ၏။

**"ဖဿတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်"**

ဖဿာဟာရကို ပိုင်ပိုင်သိသည်ရှိသော် သုံးပါးသောဝေဒနာတို့သည် အလိုလိုပိုင်နိုင်မှုကိစ္စ ပြီးစီးကုန်တော့သည်။ သုံးပါးသောဝေဒနာကိစ္စ ပြီးစီးကုန်သည်ရှိသော် ထိုထက်အလွန် တစ်စုံတစ်ခုမျှ အားထုတ်ဖွယ်ကိစ္စသည် မရှိပြီဟု ငါဘုရားဟောတော်မူ၏။

**"စေတနာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်"**

မနောသဉ္စေတနာ အာဟာရကို ပိုင်ပိုင်သိသည်ရှိသော် ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာတည်းဟူသော သုံးပါးသောတဏှာတို့ကို အလိုလိုပိုင်နိုင်မှုကိစ္စ ပြီးစီးကုန်တော့သည်။ သုံးပါးသောတဏှာတို့သည် အလိုလိုပိုင်နိုင်မှု ပြီးစီးကုန်သည်ရှိသော် ထိုထက်အလွန် တစ်စုံတစ်ခုမျှ အားထုတ်ဖွယ်ကိစ္စသည် မရှိပြီဟု ငါဘုရားဟောတော်မူ၏။ (နိဒါနဝဂ္ဂ သံယုတ္တပါဠိ-၃၂၃)

**"သညာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်"**

သညာတစ်လုံးကို ပရိညာသုံးပါးဖြင့် အဆုံးတိုင်ပိုင်နိုင်သည်ရှိသော် သံသရာ ရေအယဉ်ကို လွန်နိုင်ရာ၏။ (သုတ္တနိပါက ဆဌ နှာ - ၄၀၀)

**"ဝေဒနာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်"**

သုံးပါးသော ခံစားမှုဝေဒနာသည် ရှိ၏။ ခံစားဆဲတွင်လျှပ်ရောင်အလား

ပျောက်ကွယ်ခြင်းသဘောရှိထသော ဤဝေဒနာသုံးပါးကို အဟုတ်သိမြင်၍ ရေပွက်ပမာအလား တဖွားဖွားပေါ်ပေါက်၍ ကွယ်ပျောက်ချုပ်ဆုံးမှုကို ပစ္စက္ခ ဒိဌ ထင်မြင်သည်ရှိသော် ဝေဒနာတို့၌ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ် ဧကန်ဖြစ်၏ဟူ၍ အထူးသိနိုင်လေသည်။ ရဟန်းသည် ဝေဒနာတို့၏ကုန်ခြင်း ခန်းခြင်းဟူသော ခယအမှုကို ထင်မြင်ခြင်းကြောင့် အာရုံခြောက်ပါးနှင့်တကွ ဝေဒနာဓမ္မတို့၌ တောင်းတခြင်းဟူသော ဆာလောင်ငတ်မွတ်ခြင်းကင်းသည် ဖြစ်၍၊ ပရိနိဗ္ဗုတော - အငြိမ်းကြီးငြိမ်းလေ၏။

ဤကျမ်းကို များစွာသော အကျိုးအာနိသင်နှင့်တကွ အနတ္တလက္ခဏာ ထင်မြင်မှုကို အထူးပြဆိုသည်ဖြစ်၍ "အနတ္တဒီပနီ"ဟု အမည်တပ်သတည်း။

## "အနတ္တဝိဘာဝနာနိဿယ"

"အနတ္တာအသာရကဋ္ဌေနာတိဧတ္ထ"ဟူသောစကား၏အနက်၌ သတ္တဝါ၏အတ္တသည် သတ္တဝါ၏ကိုယ်ထည် အနှစ်အမာမျိုး မဟုတ်သည်၏ အဖြစ်ကြောင့် အနတ္တမည်၏။ ဥပမာ- ရုပ်တရားအစုသည် သတ္တဝါ၏အမာခံ ကိုယ်ထည်မဟုတ်၊ မမြဲ ပျက်၍နေ၏။ ဤကား (အခိုင်အမာ အနှစ်သာရ) မရှိသော (အနတ္တာ အသာရကဋ္ဌေန) ဟူသောပုဒ်၏အနက်ဖြစ်၏။

## "ပုဂ္ဂိုလ်သတ္တဝါ စိစစ်ပြဆိုချက်"

လောက၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ရှိ၏လောဟု မေးရာ၏။ ရှိ၏ဆိုခဲ့သော် ရူပကာယ၊ နာမကာယမှတစ်ပါး ပြစရာမရှိပါ။ ရူပကာယ၊ နာမကာယကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ပြခြင်းဖြစ်လေ၏။ အတ္တပြု၍ ပြခြင်းဖြစ်လေ၏။ (ကာယ ဟူသည် အပေါင်းဟု အဓိပ္ပါယ်ရ၏)

ရူပကာယသည် ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ စက္ခုကာယ၊ သောတကာယ စသည်ဖြင့် အလွန်များ၏။ နာမ

ကာယသည်လည်း ခြေဖဝါးမှ ဦးထိပ်တိုင်အောင် အတွင်းအပ တစ်ကိုယ်လုံးမှာ အခိုက်အတန့်အားဖြင့်ပေါ်သော ဝိညာဏကာယ(၆)ပါး၊ ဖဿကာယ(၆)ပါး၊ ဝေဒနာကာယ(၆)ပါး၊ သညာကာယ(၆)ပါး၊ စေတနာကာယ(၆)ပါး စသည်တို့ဖြင့် အလွန်များ၏။ ဘယ်ကာယကို ပုဂ္ဂိုလ်သတ္တဝါဟု ဆိုမည်နည်း။

ပထဝီကာယသည်လည်း ခက်မာမှု နူးညံ့မှု အမျိုးမျိုးရှိပြန်၏။ ခက်မာမှုပထဝီဖြစ်လျှင် နူးညံ့မှုပထဝီချုပ်၏။ အာပေါကာယတွင်လည်း ယိုစီးမှုအာပေါဖြစ်လျှင် ဖွဲ့စည်းမှုအာပေါချုပ်၏။ ဤသို့ စစ်ဆေးသည်ရှိသော် ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိကြောင်းထင်ရှား၏။ ဓမ္မအစု၊ ဓါတ်အစု သက်သက်မျှသာဖြစ်လေသည်။

ပုဂ္ဂိုလ်၏အရကို ပြပါဆိုလျှင် ရုပ်နာမ်ကိုပင် ပြရ၏။ ထိုရုပ်နာမ်သည် အနှစ်သာရ အတ္တလော၊ (ဝါ) ပုဂ္ဂိုလ်၏အလိုသို့လိုက်၏လော၊ (ဝါ) ပုဂ္ဂိုလ်သည် ထိုရုပ်နာမ်တို့၌ အစိုးရ၏လောဟု ဝေဖန်စီစစ်ခြင်းသည် (အနတ္တာနုပဿနာ၏ ဉာဏ်အရာ) ဖြစ်လေသည်။

## "အတ္တ (သို့မဟုတ်) ကိုယ်"

မြေနှင့်ပြုလုပ်သောခွက်၌ မြေသည် ခွက်၏(အနှစ်အသား)ဖြစ်၍ ခွက်၏အတ္တမည်၏။ ကိုယ်မည်၏။ ထို့အတူ သတ္တဝါတွင် ခက်မာမှု (ရုပ်) တရားသာလျှင် အနှစ်အသားရှိ၏။ ခံစားမှု (ဝေဒနာ)သာလျှင် အနှစ်အသားရှိ၏။ မှတ်သားမှု (သညာ)သာလျှင် အနှစ်အသားရှိ၏။ စေ့ဆော်မှု (သင်္ခါရ) သာလျှင် အနှစ်အသားရှိ၏။ သိမှု (ဝိညာဏ်)သာလျှင် အနှစ်အသားရှိ၏။ ဤသို့ဖြင့် ငါးပါးသော ခန္ဓာတရားတို့သည် သတ္တဝါ၏အတ္တ (ဝါ) ကိုယ် မည်ကုန်၏။ ထိုခန္ဓာ(၅)ပါးတို့သည် (သတ္တဝါတို့၏အနှစ်သာရ အတ္တကိုယ်ထည်) ဖြစ်ပေရကား ခန္ဓာငါးပါးတို့ မချုပ်မပျက်ကုန်သမျှ ကာလပတ်လုံး သတ္တဝါတို့ အသက်ရှည်ကြကုန်၏ဟု အထင်အမြင်စွဲလမ်းမှုသည် အတ္တဒိဋ္ဌိမည်၏။

သက္ကာယဒိဋ္ဌိမည်၏။

သတ္တဝါသည် မွေးဖွားပြီးသည်မှ (၁၀)နှစ်၊ (၁၅)နှစ်ရှိပြီ၊ ငါ၏အသက် (၄၀)၊ (၅၀) ရှိပြီစသည်ဖြင့် အမှန်တကယ် ထင်မှတ်ပြောဆိုနေမှုသည် အတ္တဒိဋ္ဌိ၊ ဇီဝဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ပင်ဖြစ်ကြသည်။ (ခန္ဓာငါးပါး)ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျာ်း၊ မိန်းမဟူ၍ အယူမှား၊ အမြင်မှား (စွဲလမ်းမှု)တည်း။

ကိုယ်ခန္ဓာ၌ ခက်မာမှု ပထဝီသည် (တည်ရာအမာခံ)ဖြစ်၏။ တစ်နေ့ တည်း၌ပင် (ကြိယာပုဒ်)ပြောင်းလဲတိုင်း (ခက်မာမှုပထဝီ)တို့သည် ပြောင်းလဲ ချုပ်ပြောက်နေသည်ကို သိမြင်ကြကုန်၏။ ကြိယာပုဒ်ပြောင်းတိုင်း တည်တံ့ ခိုင်မြဲနေသော ခက်မာမှုပထဝီသည် တစ်ခုမျှမရှိသည်ကို သိမြင်ကြကုန်၏။ ဤသို့ဖြင့် ပုဂ္ဂိုလ်သတ္တဝါ၊ အတ္တဇီဝ မရှိမှုသည် ထင်ရှားလတ့်။ ဤသို့ အမြင်သည်ကား (သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ) အမြင်တည်း။

## **"ကာရကဒိဋ္ဌိ"**

ငါသည်သွား၏။ ဤသို့ အစရှိသော ကြိယာမှုတို့၌ သွားခြင်းကြိယာတွင် အကြုံးဝင်သော ရုပ်အစု၊ နာမ်အစုတို့၏ ခယဝယဟူသော အနိစ္စ အမူ အယာအထူးကို မမြင်နိုင်သောသူသည် ထိုရုပ်နာမ်ကို သွားတတ်သောသူ၏ (အနှစ်သာရ)အားဖြင့် အတ္တဟုယူ၏။ ဤသို့ အယူမှားခြင်းသည်ကား ကာရက ဒိဋ္ဌိတည်း။ (ပြုလုပ်သူ)ဟု ယူ၏။

ရုပ်နာမ်မည်သည် (ကြိယာ)မျှသာ အမှန်ဖြစ်၏။ ကြိယာအမူအယာတို့ကို ပြုလုပ်တတ်သည်။ ပြောတတ်သည်၊ ကြံတတ်သည်၊ ကောင်းမှု၊ မကောင်းမှုကို ပြုတတ်သည်စသဖြင့် ပုဂ္ဂိုလ် သတ္တဝါအနေဖြင့် (စွဲလမ်း)သော (အတ္တဒိဋ္ဌိကို ကာရကဒိဋ္ဌိ) ဟုခေါ်၏။

## **"ဝေဒကဒိဋ္ဌိ"**

ငါသည် ချမ်းသာ ဆင်းရဲကို ခံစား၏။ ဤသို့ သုခ၊ ဒုက္ခဝေဒနာကို

ခံစားမှု (အခိုက်အတန့်)၌ အကြုံးဝင်သော နာမ်ရုပ်အား ထိုခံစားသူ၏ (အနှစ်သာရ)အားဖြင့် အတ္တဟုယူ၏။ ဤသို့ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် အယူမှားခြင်းသည်ကား ဝေဒကဒိဋ္ဌိတည်း။ (ခံစားသူ)ဟု ယူ၏။

ခံစားမှု (အခိုက်အတန့်)၌ အကြုံးဝင်သော နာမ်ရုပ်သည် (ကြိယာ) မျှသာဖြစ်သော်လည်း ထိုနာမ်ရုပ်ကို ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် (စွဲလမ်း)သော (အတ္တဒိဋ္ဌိကို ဝေဒကဒိဋ္ဌိ)ဟု ခေါ်၏။

## "ရုပ်နာမ်၏အနှစ်မဲ့ပုံကိုပြခန်း"

အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် (ရိတ္တော)ကွယ်ပြောက်၏။ (တုစ္ဆော) အချည်းနှီးဖြစ်၏။ (သုညော) ဆိတ်သုဉ်း၏။ ဝိပဿနာအရာ၌ (အသာရကဋ္ဌေနအနတ္တ) ပုဒ်၏အနက်သည် (အလွန်နက်နဲ၏။ အလွန်သိမ်မွေ့၏။ အလွန်သိနိုင်ခဲ၏။ အလွန်ထိုးထွင်းနိုင်ခဲ၏)။

အကြောင်းတရား၌ လိမ္မာကုန်သော ပညာရှိသူတို့သည် အလွန်မြင်နိုင် ခဲသောတရားကိုလည်း မြင်ကြကုန်၏။ အကျိုးတရား၌ လိမ္မာကြကုန်သော ပညာရှိတို့သည် အလွန်သိနိုင်ခဲသော တရားကိုလည်း သိကြကုန်၏။

(အသာရကဋ္ဌေန အနတ္တာ)ဟူသော ရုပ်နာမ်တို့၏ **(အနှစ်သာရမဲ့ပုံ၊ အခိုင်အမာ မရှိပုံတို့သည် ရုပ်နာမ်တရားတို့၏ အနတ္တအခြင်းအရာ လက္ခဏာ)**ပင်ဖြစ်ပေသည်။

အသာရကဋ္ဌေနအနတ္တာဟူသော ပုဒ်အနက်ပြီး၏။

အနတ္တဝိဘာဝနာနိဿယပြီး၏။

(၁၂၆၃-ပြာသိုလဆုတ်(၇)ရက်နေ့တွင်စီရင်ပြုအပ် အပြီးသတ်သတည်း။)

## "ကမ္မဋ္ဌာနဒီပနီ" (လယ်တီဆရာတော်ဘုရားကြီး)

## (ကောက်နုတ်ချက်)

## "ခန္ဓာငါးပါးတို့၏ အဓိပ္ပါယ်"

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူအပ်သော ခန္ဓာငါးပါးတို့၏ ဥပမာအကျယ် အဓိပ္ပါယ်များကို ပြဆိုပေးအံ့။ ရုပ်သည် ရေမြှုပ်ခဲနှင့်တူ၏။ ဝေဒနာသည် ရေပွက်နှင့်တူ၏။ သညာသည် တံလျှပ်နှင့်တူ၏။ သင်္ခါရသည် ငှက်ပျောတုံးနှင့်တူ၏။ ဝိညာဏ်သည် မျက်လှည့်အမှုနှင့်တူသည်ဟု ရှုအပ်၏။ ဤသို့ ငါဘုရားသည် ဟောတော်မူအပ်၏။

## "ရူပက္ခန္ဓာကို ဆိုရာဆိုကြောင်း"

ရဟန်းတို့ အဘယ်ကြောင့်လျှင် ရုပ်ဟူ၍ ဆိုကြကုန်မည်နည်း။

ရဟန်းတို့ စင်စစ်လျှင် အတည်အမြဲ ဖောက်လဲဖောက်ပြန် ဖြစ်တတ်၏။ အဘယ်ကြောင့်နည်းဟူမူကား အပူအအေးနှင့်တွေ့ခြင်းကြောင့် ဖောက်ပြန် တတ်၏။ ထို့ကြောင့် ရုပ်ဟူ၍ ဆိုအပ်၏။

မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါးတို့တွင် မြေဓာတ်တွင် လောကဝေါဟာရမြေနှင့် ပရမတ်မြေဟူ၍ (၂)မျိုးရှိ၏။ ပရမတ်မြေဆိုသည်ကား ခက်မာခြင်းကြိယာ အမူအရာသက်သက်သာတည်း။ ထိုသို့ ဝတ္ထုကို စမ်းကြည့်ရာ၌ နူးညံ့သည်၊ ခက်မာသည်ဟု လူတိုင်းပင် သိကြကုန်၏။ ထိုသို့ သိရာ၌ ပညတ်သိ၊ ပရမတ်သိ နှစ်မျိုးရှိ၏။ နူးညံ့သောဝတ္ထု၌ နူးညံ့မှု ကြိယာနှင့် ထိုဝတ္ထုတစ်ခုလုံးကို (တစ်ပေါင်းတည်းပြု၍ တစ်ခုတည်းပြု၍) သိကြသည်ကား (ပညတ်)သိတည်း။ စိတ်သိ သညာသိတည်း။

ထိုဝတ္ထု၏ နူးညံ့မှုကြိယာသက်သက်ကို သီးသန့်(ကွက်ခြား)၍သိသည်ကား (ပရမတ်)သိတည်း။ ဉာဏ်သိတည်း။ သီးသန့်ကွက်ခြား၍ သိမှုဆိုသည်ကား စမ်းသတ်လိုက်သောအခါ၌ **(ကာယဝိညာဏ်သည် မြေဓာတ်**

**သက်သက်)**ကိုသာ သိ၏။ ပရမတ် မြေဓာတ်သက်သက်ကို သီးသန့်ကွက်ခြား၍ယူ၏။ ထိုအခါ နောက်လိုက် **(မနောဝိညာဏ်)**တို့သည် **ကာယဝိညာဏ်** သိသော မြေဓာတ် နူးညံ့မှုသက်သက်ကို **(ထိုဝတ္ထု၏ ဒြပ်ပညတ်)၊ အထည် နူးညံ့မှုပြုလုပ်၍သိကြကုန်၏။**

**(ကာယဝိညာဏ်သိ)ကား မပြဋ္ဌာန်းနိုင်၊ (မနောဝိညာဏ်သိ)တို့ သည်သာ ပြဋ္ဌာန်း၍နေကုန်၏။** ဤဝတ္ထုသည် နူးညံ့၏ဟု လူအများတို့က သိမြင် နေကြကုန်၏။ ဤကား နူးညံ့သောဝတ္ထု၌ (နူးညံ့ခြင်းကြိယာ) ဟူသော ပရမတ်မြေဓါတ်ကို (ဝတ္ထုဒြပ်တည်း)ဟူသော ပညတ်မှ(ဉာဏ်ဖြင့်)ထုတ်၍ သီးသန့်(ကွက်ခြား)၍ သိမြင်ပုံတည်း။

## "ကြိယာအမူအရာသက်သက်မျှ"

ပရမတ်တရားမည်သည် မျက်မြင်လက်တွေ့အားဖြင့် လှုပ်ရှားခြင်း၊ အမူအရာ ပြောင်းလဲခြင်းဟူ၍မရှိ။ ရှေးရှေးအမူအရာ (အဟောင်း)ပျောက်ကွယ်၍ နောက်နောက်အမူအရာ (အသစ်)ဖြစ်ပေါ်သည်ကို လောက၌ လှုပ်ရှားသည်၊ ကြွသည်၊ ရွေ့ရှားသည်ဟု ခေါ်ဝေါ်ပြောဆိုကြသည်။

ပရမတ်တရားမည်သည် ကြိယာအမူအရာသက်သက်မျှဖြစ်၍ရှေးအမူအရာအဟောင်း ကွယ်ပျောက်မှုသည် (ဓာတ်ဟောင်း)တို့ ချုပ်ပျက်မှုပေတည်း။ နောက်အမူအရာအသစ်တစ်မျိုး ဖြစ်ပေါ်မှုသည် (ဓာတ်သစ်)တို့ ဖြစ်ပေါ်မှုပေတည်း။ မျက်စိနှင့်ကား မမြင်ရ၊ (ဉာဏ်ဖြင့်) မြင်အောင် ကြည့်ကြကုန်ရာ၏။

## "ရူပက္ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ"

ဓာတ်မျက်လုံး မပေါက်မူ၍ (ပညတ်မျက်လုံး)အတိုင်း ရှိနေကြမူကား ဘုရားကို တွေ့မြင်သူဟု မဆိုရချေ။ အနှစ်သာရမရှိသည့်အတွက် ရေမြှုပ်နှင့် တူသည်ဟုဟောတော်မူသဖြင့် ခဏ်မာမူကြိယာသက်သက်မျှသာဖြစ်သော **မြေဓာတ်(ရူပက္ခန္ဓာ)သည် သမူဟ(သဏ္ဌာန်ပညတ်)ကိုပြ၍ငင်း၊ မြစ်ရေ**

**အလျဉ်ကဲ့သို့ အစဉ်အဆက်မပြတ်** ဖြစ်ပွားမှုဟူသော **(သန္တတိပညတ်)ကို ပြ၍ဂင်း၊ အနှစ်သာရမရှိသော သဘောကိုဖုံးပြီး (အနှစ်သာရ)ရှိသည့် အနေဖြင့်** ထင်မြင်စွဲလမ်းရအောင်ပြ၏။ **(ပထဝီ)**သက်သက်ကိုပင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျာ်း၊ မိန်းမ ထင်မြင်ရ၏။ ဤကား **(သမူဟပညတ်)**တည်း။

မျက်တောင်တစ်ခတ်မျှ မတည်မမြဲ ပြိုကွဲချုပ်ပျောက်၍နေသော မြေဓာတ်သည် မိမိကိုယ်ကို တစ်ရက်၊ တစ်လ၊ တစ်နှစ်စသည့် အသက်ရှည်သမျှ ခိုင်မြဲသည်ဟုပြ၏။ ဤကားသန္တတိပညတ်တည်း။ **(ပထဝီသည် ထိုပညတ်နှစ်ပါးကို မျက်လှည့်အယောင် ထူထောင်ဖန်ဆင်းထား၏။)** ပညတ်ကြီးနှစ်ပါးနယ်၌သာ တကယ်စွဲမှတ်၍ နေကြကုန်၏။

ခပ်သိမ်းသော ရုပ်ဟူသမျှသည် **(ပထဝီ၌မှီတွယ်၍)**ဖြစ်ကြရ၏။ ခပ်သိမ်းသော ပဥ္စဝေါကာရ နာမ်ခန္ဓာဟူသမျှသည်လည်း ရုပ်၌မှီတွယ်၍ ဖြစ်ကြရ၏။ ပထဝီ၏ဖြစ်မှုပျက်မှု ဥဒယဗ္ဗယအချက်ကို ထင်မြင်နိုင်ပါလျှင် ကြွင်းသောရုပ်နာမ်တို့၏ဖြစ်မှုပျက်မှု ဥဒယဗ္ဗယအချက်အစုကိုလည်း ထင်မြင်ခြင်းငှာ လွယ်လှ၏။

## "ဝါယောလေဓာတ်"

ဝါယောလေဓာတ်သည် ရုပ်သေးရုပ်ကို ကြိုးစုံဆွဲကပြသကဲ့သို့ ရုပ်ခန္ဓာကို **သတ္တဝါအရှင်တွေလို့ မှတ်ထင်စွဲလမ်းရအောင် လျောင်းပြ၊ ထိုင်ပြ၊ ထပြ၊ သွားပြ၊ လာပြ၏။ (ကာယကံ၊ ဝစီကံ) ဒုစရိုက်မျိုးစုံကို (စိတ်အလို) ရှိတိုင်း ပြီးစီးအောင် လုပ်ဆောင်ပေး၏။** ဤကား ဝါယောဓာတ်၏ အခွင့်ထူး၊ အရာထူးတို့ပင်တည်း။

ပရမတ္ထဓမ္မတို့မည်သည် (ကြိယာ)အမူအရာ သက်သက်မျှဖြစ်ကြ၍ (ပြောင်းရွှေ့ခြင်း၊ လူပ်ရှားခြင်း)ဟူ၍ မျိုးခြမ်းမျှမရှိ။ တစ်နာရီအတွင်းမှာ တစ်ကိုယ်လုံး အခါများစွာ ချုပ်ပျောက်မှုကို ကောင်းကောင်း မြင်နိုင်ကြလျှင်ပင်

အနိစ္စဓာတ်မျက်လုံး ပေါက်တော့သည်။

## “ရေမြှုပ်ပမာ ရူပက္ခန္ဓာ”

ရူပက္ခန္ဓာ၏ အနှစ်မရှိသည့်အတွက် ရေမြှုပ်နှင့်တူသည်ဟူ၍ ဟောတော် မူသဖြင့် **(အနှစ်မရှိမှုနှင့်အမြဲမရှိမှုသည် တစ်ထပ်တည်း)** ကျလေသော ကြောင့်တည်း။ အနတ္တာအသာရကဌေနဟူသောပါဠ်နှင့်အညီ (အနတ္တ လက္ခဏာကို တိုက်ရိုက် ပြလိုရင်း)ဖြစ်သတည်း။

ရုပ်တရားဟူသည် မျက်တောင်တစ်ခတ်မျှ မချုပ်မပျက်ပဲ ခိုင်မြဲစွာ တည်နိုင်သော တရားမျိုးမဟုတ်။ (ပထဝီ)သည် သဟဇာတ (တေဇောမီး၏ မီးစာ)ပေတည်း။ **သဟဇာတတေဇောသည် သဟဇာတပထဝီကို ဋီသို့ ရောက်လျှင် မီးလှလှစွဲလေ၏။** မီးပွားလေ၏။ ထိုကြောင့် ခပ်သိမ်းသော ရုပ်ကလပ်တို့သည် သဟဇာတမီးဘေး အမြဲသင့်ကြသဖြင့် **(အခိုင်အမာ အနှစ်သာရ)မျိုး မဟုတ်ကြကုန်၊ (အနိစ္စ)မျိုးသာ** အမှန်ဖြစ်ကြကုန်၏။

## “ငါဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်”

မြတ်စွာဘုရားသည် အရှင်ရာဟုလာကို ရာဟုလာ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ပထဝီဓာတ်သည်၎င်း၊ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ပထဝီဓါတ်သည်၎င်း မြေသဘောသက်သက်သာတည်း။ ဤ**ပထဝီနှစ်မျိုးစလုံးသည် နေတံမမ (ငါပိုင်ဥစ္စာမဟုတ်)၊ နေသောဟမသ္မိ (ငါမဟုတ်)၊ နမေသောအတ္တာ (ငါ၏ အတ္တမဟုတ်)ဟု** ဤသို့ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ **ဝိပဿနာပညာ ဖြင့်ရှုအပ်၏။** ဤပထဝီဓာတ်ကို ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ မြင်၍ ပထဝီဓာတ်၌ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ပထဝီဓာတ်၌ ဝိရာဂ၊ တပ်ခြင်း ကင်း၏။ ရာဟုလာ အကြင်အခါ၌ ရဟန်းသည် လေးပါးကုန်သော ဤဓာတ်တို့၌ အနှစ်သာရ၊ အတ္တမဟုတ်သည်ကို ကိုယ်နှင့်မစပ်သည်ကို ကောင်းစွာ မြင်၏။ ရာဟုလာ ဤသို့မြင်သောရဟန်းကို ကောင်းစွာမြင်သော ရဟန်းဟူ၍

ဆိုအပ်၏။ **တဏှာသည် ပြတ်ပြီ၊ သံယောဇဉ်သည် ပြတ်ပြီ၊ မာနကို ကောင်းစွာ ပယ်နိုင်ခြင်းကြောင့် ဝဋ်ဆင်းရဲအဆုံးကို ပြုနိုင်ပြီဟု ဟောတော်မူလေသည်။**

သတ္တဝါတို့တွင် ပဋိသန္ဓေအခါ ခေတ်ကြီးလေးပါး ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ယခုဘဝကြုံတွေ့လတ္တံ့သော ဒုက္ခခပ်သိမ်းတို့သည်လည်း ဖြစ်ပေါ်ပြီးမည်ကုန်၏။ ရုပ်ဟုဆိုအပ်သော ရူပက္ခန္ဓာတရားတို့သည် အများရှိပါလျှက် ခေတ်လေးပါးကိုသာ ပြဆိုသည်မှာမူကား ခေတ်လေးပါးနှင့်ပင် ဝိပဿနာကိစ္စ ပြီးစီးနိုင်ကြောင်းကို စတုက္ကအင်္ဂုတ္တိုပါဠိတော် (နှာ-၄၃၈)၌ ဟောတော်မူချက်ရှိသောကြောင့်တည်း။

ရေ၊ မြေ၊ တော၊ တောင် စသည်တို့၌ရှိသော ဗာဟိရပထဝီသည်လည်း ငါပိုင်ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်ဟု ထင်ရှား၏။ ထို့အတူ မိမိတို့၏အဇ္ဈတ္တသဏ္ဌာန်၌ရှိသော ခက်မာမှုကြိယာကိုလည်း ငါပိုင်ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်ဟု ဉာဏ်အမြင်၌ထင်ရှားစေရမည်။ **(ပထဝီနှစ်မျိုး ထပ်တူကျ)**စေရမည်။ အဇ္ဈတ္တပထဝီကို ပုဂ္ဂိုလ်သတ္တဝါ ငါဖြစ်၍ မနေစေနှင့်ဟု ခပ်တင်းတင်း ဟောတော်မူပေသတည်း။

## "ဝေဒနာက္ခန္ဓာကို ဆိုရာဆိုကြောင်း"

ဘုန်းတော်ကြီးသော မြတ်စွာဘုရား အဘယ်မျှလောက်သော အကျင့်ဖြင့် တဏှာ၏ကုန်ရာ နိဗ္ဗာန်သို့ ကျွတ်လွတ်၍သွားသည်ဖြစ်ပါသနည်းဟု သိကြားမင်းက မေးလျှောက်၏။

သိကြားမင်း အလုံးစုံသော သုခလည်းဖြစ်သော ဒုက္ခလည်းဖြစ်သော ဥပေက္ခာလည်းဖြစ်သော ခံစားမှုသည်ရှိ၏။ ထိုသုံးပါးသော ခံစားမှုတို့၌ အနိစ္စဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝိဟရတိနေ၏။ ထိုသုံးပါးသော ဝေဒနာတို့၌ (အနိစ္စ)ဟု အဖန်ဖန်ရှုသည်ဖြစ်၍နေသောသူသည် လောက၌ တစ်စုံ

တစ်ခုသော **(အာရုံကိုမျှ န ဥပါဒိယတိ မစွဲလမ်းချေ)**။ မစွဲလမ်းသည် ရှိသော် မတောင်းတ၊ မတောင်းတသည်ရှိသော် မျက်မှောက်ဘဝ၌ပင်လျှင် ကိလေသာ မီးငြိမ်းခြင်းသို့ရောက်၏။ သိကြားမင်း ဤမျှလောက်သော အကျင့်ဖြင့် တဏှာ ၏ကုန်ရာ နိဗ္ဗာန်သို့ ကျွတ်လွတ်၍သွားသည်ဖြစ်၏ဟု မြတ်စွာဘုရားသည် ဖြေကြားတော်မူခဲ့ပါသည်။

## "ဝေဒနာသုံးပါး၌ အနိစ္စရှုနည်း"

ဝေဒနာသုံးပါးတို့တွင် ဒုက္ခဝေဒနာသည် အထင်ရှားဆုံးဖြစ်၏။ထို့ကြောင့် ဒုက္ခဝေဒနာ၌ အနိစ္စရှုနည်းကို ရှေးဦးစွာပြဆိုရာ၏။ ဒုက္ခဝေဒနာသည် ကာယိက ဒုက္ခဝေဒနာနှင့် စေတသိက ဒုက္ခဝေဒနာဟူ၍ နှစ်မျိုးရှိ၏။ ကာယိကဒုက္ခဝေဒနာသည် အတွင်းအပတစ်ကိုယ်လုံး၌ အနှံ့အပြား ဖြစ်ပေါ်နိုင်၏။ စေတသိက ဒုက္ခဝေဒနာသည် စိတ်နှလုံးအတွင်းမှာသာ ဖြစ်ပေါ်နိုင်၏။ ကာယိက ဒုက္ခဝေဒနာသည်ကား မခံသာသော ပူမှုအေးမှု၊ နာမှုကျင်မှု၊ ကိုက်မှုခဲမှု အစရှိသည်တို့ဖြစ်၏။ စေတသိက ဒုက္ခဝေဒနာဆိုသည်ကား စိတ်နှလုံး မချမ်းသာမှု၊ မသာယာမှု၊ စိတ်ပူပန်မှု၊ ညှိုးနွမ်းမှု စသည်တို့ဖြစ်ကြ၏။

## "ဖဿ ပစ္စယာ ဝေဒနာ"

ထိုထိုကိုယ်အင်္ဂါ၌သော်၎င်း စိတ်နှလုံး၌သော်၎င်း ထိုထိုအာရုံတို့၏ ထိခိုက်မှုကြောင့် ဝေဒနာဓာတ်သည် တဖွားဖွားဖြစ်ပေါ်၏။ ဥပမာ-ကျောက်၊ အုတ်စသော တစ်စုံတစ်ခုနှင့် ထိခိုက်မှုဟူသည် ဖဿတရားနှင့်တူ၏။ ထိုထိပါးမှု ဖဿဖြစ်ပေါ်ရာနေရာ၌ ဒုက္ခဝေဒနာလည်း ဖြစ်ပေါ်၏။

တစ်ခုသော ကိုယ်အင်္ဂါမှာ ထိခိုက်သောအခါမှ ထို(နာကျင်မှု)ဖြစ်ပေါ်လာသည်ကိုကား (လူတိုင်း)သိကြ၏။ ခြေဖဝါးပြင်သည်ကား ရူပက္ခန္ဓာတည်း။ ဖြစ်ပေါ်လာသောနာကျင်မှုကား ဝေဒနာက္ခန္ဓာတည်း။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ သုံးပါးတို့သည်လည်း ဝေဒနာက္ခန္ဓာနှင့်အတူ

ပါမြဲ ဓမ္မတာတည်း။ ထိုနာမ္မ နာမက္ခန္ဓာ (၄)ပါးနှင့် ခြေဖဝါး ရူပက္ခန္ဓာပေါင်းသည် ရှိသော် ခန္ဓာငါးပါးပေါင်းဆုံမိကြ၏။

နာမက္ခန္ဓာ(၄)ပါးသည် အတူတကွပေါ်ကြသော်လည်း ဝေဒနာက္ခန္ဓာသည်သာ အထင်ရှားဆုံးဖြစ်၏။ ထို**(ဝေဒနာကို ဉာဏ်နှင့်မြင်အောင်ရှု၊ ခြေဖဝါး ရူပက္ခန္ဓာနှင့်ရောထွေး၍မနေစေလင့်)**။ ခြေဖဝါးကားရူပက္ခန္ဓာတည်း။ နာမ္မကား ဝေဒနာက္ခန္ဓာတည်း။ **(ခန္ဓာနှစ်ပါး)ကို ခွဲခြား၍မသိကြ၊** ခြေဖဝါး ဟူသော (ရုပ်)နှင့် နာမ္မဟူသော (နာမ်)တို့ကို ခြားနား၍ ထင်မြင်အောင်ရှု။

ဝေဒနာဓာတ်ဖြစ်ပေါ်မှုသည် ဓာတ်ရုပ်၏ထိုထိုနေရာ၌ မီးဖြစ်ပေါ်မှုနှင့် တူ၏။ ဓာတ်ရုပ်အတွင်းရှိ ဓာတ်သားတို့ အချင်းချင်း တိုးဝှေ့တိုက်မှုခိုက်မှု ဖြစ်ကြသောအခါ တိုက်ရာခိုက်ရာတို့၌ မီးဖြစ်ပေါ်သကဲ့သို့ ဒုက္ခဝေဒနာဓာတ် ဖြစ်ပေါ်၏။ တိုက်ခိုက်တိုးဝှေ့မှု ဒဏ်ဟုန်ပြေပျောက်လျှင် ဒုက္ခဝေဒနာတို့သည် ကွယ်ပျောက်ကြလေကုန်၏။

ခြေဖဝါးမှာ ဒုက္ခဝေဒနာ၌ ဖြစ်မှုပျက်မှုကို ဉာဏ်တည်ထောင်မိသောအခါ တစ်ကိုယ်လုံးမှာလည်း ထိုနည်းတူ ဒုက္ခဝေဒနာကို ဉာဏ်နှင့် ရှုတိုင်းရှုတိုင်း ဥဒယဗ္ဗယ ဖြစ်ပျက်ဉာဏ်ကို ရနိုင်လတ္တံ့။

## "သုခဝေဒနာ၌ ဥဒယဗ္ဗယ ဖြစ်ပျက်ဉာဏ်"

သုခဝေဒနာကား ခံ၍ကောင်းသောအမှုတည်း၊ ချမ်းသာဟုဆို၏။ ပူအိုက်သောအခါ အေးမြသောရေကို ခြေဖဝါးပြင်မှာ သွန်းလောင်းအံ့။ ထိခြင်းဟူသော ဖဿဖြစ်ပေါ်ခြင်းကြောင့် ခံ၍ကောင်းခြင်းဟူသော သုခဝေဒနာသည် တဖွားဖွားဖြစ်ရာ၏။ အေးမြသောရေ၏ တွေ့ထိခြင်း(ဖဿ) ကွယ်ပျောက်သောအခါ ထို(သုခဝေဒနာ)သည် ချုပ်ပျောက်လေ၏။ ဤနည်း အတိုင်း သုခဝေဒနာ၌ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်အောင် အထပ်ထပ်ရှုလေ။ **(အေးမြသောရေနှင့် ခြေဖဝါးတို့သည်ရုပ်၊ခံ၍ကောင်းခြင်းသည်ဝေဒနာ)**

## "စေတသိကဒုက္ခ၊ စေတသိကသုခ"

အနိဋ္ဌာရုံ အနိဋ္ဌဝတ္ထုတို့နှင့် ကြုံတွေ့၍ စိတ်မသာယာခြင်း၊ စိတ်ပင်ပန်းခြင်းအမှုသည် စေတသိကဒုက္ခမည်၏၊ ထိုဒုက္ခဝေဒနာသည် နှလုံးသွေးမှာ တဖွားဖွားဖြစ်ပေါ်၏။ နှလုံးသွေးသည် ရူပက္ခန္ဓာတည်း။ အလိုရှိအပ်၊ မြတ်နိုးအပ်သော ဣဋ္ဌာရုံ ဣဋ္ဌဝတ္ထုတို့နှင့် ကြုံတွေ့ဆဲအခါ၌ စိတ်နှလုံးရွှင်လန်းမှု၊ စိတ်ချမ်းသာမှုသည် စေတသိက သုခဝေဒနာမည်၏။

လျစ်လျူရှုခြင်းဟူသော **(ဥပေက္ခာဝေဒနာကား စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ မနောဒွါရဟူသော ငါးဒွါရ)**တို့ဖြစ်၏။ မျက်စိနှင့် ထိုဝတ္ထုကို မြင်ဆဲအခါ၌ မျက်စိထဲမှာ တဖွားဖွားဖြစ်ပေါ်၏။ သို့သော် ဥပေက္ခာဝေဒနာသည် ဒုက္ခ၊ သုခကဲ့သို့ ထင်ရှားသော ဝေဒနာမဟုတ်၊ **(ခန္ဓာခွဲမှု)မှာပင် ဥပေက္ခာဝေဒနာကို မိမိရရ(ထင်မြင်ခဲ၏)**။ ထို့ကြောင့်ဥပေက္ခာဝေဒနာကိုရှုသော ပုဂ္ဂိုလ်သည် မျက်စိ၌အမြင်ဓါတ် **(ဝိညာဏ်)၏ ဖြစ်မှုချုပ်မှု**တို့နှင့်တွဲဖက်၍ ဥပေက္ခဝေဒနာ၏ ဖြစ်မှုပျက်မှုကို ထင်မြင်အောင်ရှုလေ။

## "ရေပွတ်ပမာ ဝေဒနာက္ခန္ဓာ"

ဝေဒနာကို ဒေသနာတော်၌ ရေပွက်နှင့်ဥပမာပြထား၏။ ရေပွက်တို့သည် ခဏခြင်းသာ ဖြစ်ပေါ်ချုပ်ပျောက်ကြလေသည်။ အနှစ်သာရရှိသော အမျိုးမဟုတ်၊ စွဲလမ်းနိုင်အောင် တည်တံ့၍နေနိုင်သော သဘောမရှိ။

ထို့အတူ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟု ဆိုအပ်သော သုခဝေဒနာသည် အနှစ်သာရမရှိသော ထိုရေပွက်တို့နှင့်တူ၏။ ထို့အတူ (အာရုံ)တို့သည် (ဒွါရ)တို့၌ ထိခိုက်သောအခါ ခံစားမှု (ဝေဒနာ)တို့သည် ဖြစ်ပေါ်ကြတော့သည်။ ထိုသို့(အာရုံ)နှင့် ကင်းကွာပြန်လျှင် ထို(ဝေဒနာ)တို့သည် တစ်ခုမကျန် ချုပ်ပျက်ကွယ်ပျောက်ကြလေသည်။ (ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးမျှသာတည်း။)

## “သညာက္ခန္ဓာကို ဆိုရာဆိုကြောင်း”

သညာဆိုသည်ကား အမှတ်ပြု၍ မှတ်သားမှုတည်း။ မိမိတို့၏ဓလေ့ ရိုးရာ၊ ထုံးစံစသော အလုံးစုံတို့၌ ကျွမ်းကျင်မှုတည်း၊ တတ်သိလိမ္မာမှုတည်း။ ဤကား သညာခတ်၏ လက္ခဏာတည်း။ ပကတိလူတို့၏ အသိအမှတ် အတတ်အလိမ္မာခေါ်ကြသော **(သညာ)**၏ အနမတဂ္ဂသံသရာ **(ကာလ)**၌ ထာဝရကျင်လည်ရာ **(ဌာန)ကား (ပညတ်လောကကြီး)ပေတည်း။**

## “ပညတ်သဘာဝ”

**(သဏ္ဌာနပညတ်၊ သန္တတိပညတ်)** နှစ်ပါးသည် ပညတ်နိုင်ငံကြီး မည်၏။ သဏ္ဌာနပညတ်ဆိုသည်ကား ခတ်တို့၏ပေါင်းဖွဲ့တည်ထောင်မှုကို အစွဲပြု၍ ဤကား အဏုမြူတစ်ခုတည်း။ ဤကား ပရမာဏုမြူတစ်ခုတည်း အစရှိသဖြင့် ကြီးငယ်တိုရှည် ဒြပ်သဏ္ဌာန် ထင်မြင်ပြောဆိုကြသမျှ သဏ္ဌာန ပညတ်မည်၏။ အမူအရာကြိယာမှု သက်သက်မျှသာဖြစ်ကြသော ခတ်နိုင်ငံ ကြီးကား အဏုမြူမျှ ကြီးငယ် တိုရှည် ဒြပ်သဏ္ဌာန်ဟူ၍ ရကောင်းသောတရား တစ်စုံတစ်ခုမျှမရှိ။ (သဏ္ဌာန်က ဌာန - စာပြုသူ)

သန္တတိပညတ်ဆိုသည်ကား ခတ်တို့၏ (ရှေ့နောက် အစဉ်အဆက် များစွာကို တစ်ခုတည်းပြု၍) ဤဝတ္ထုသည် ခဏများစွာတည်ရှိ၏။ ဤဝတ္ထု သည် ရှေ့ခဏမှ နောက်ခဏသို့ ရောက်လာ၏။ ဤဝတ္ထုသည် ငြိမ်ရာမှ လှုပ်လာ၏။ ဤမီးတောက်သည် တက်၏ ကျ၏၊ ဤရေသည် လှုပ်၏၊ စီး၏။ ထိုနေရာမှ ဤနေရာသို့ ရောက်လာ၏။ ဤသို့အစရှိသည်ဖြင့် ထင်မြင်ပြောဆို သမျှသည် သန္တတိပညတ်မည်၏။ ခတ်တို့မည်သည် မျက်တောင်တစ်ခတ် လျှပ်တစ်ပျက်ခန့်အတွင်းမှာပင် အကြိမ်တစ်ထောင် တစ်သောင်းမက ချုပ်ပျက် ကြသဖြင့် မပျက်မစီးပဲ လောကမျက်မြင်ပြောဆိုကြသော တည်တံ့မှု လှုပ်ရှားမှု ရွေ့မှုသွားမှုဟူ၍ တစ်စုံတစ်ခုမျှမရှိချေ။ (အစဉ်က ကာလ - စာပြုသူ)

## " တံလျှပ်ပမာ သညာက္ခန္ဓာ"

နေပြင်းစွာပူသောအခါ ရေငွေ့တို့နှင့် နေရောင်တို့ပေါင်းဆုံ ရောနှော မိကြရာ အဝေးမှကြည့်သောသူတို့အား ရေပြင်၊ ရေလှိုင်းကဲ့သို့ ထင်မြင်ကြကုန်၏။ ထိုနေရာသို့ရောက်လျှင် ရေပြင်၊ ရေလှိုင်းတို့ ကွယ်ပျောက်၍ ကုန်လေ၏။ အနှစ်အသားရှိသော အရာမျိုးမဟုတ်ကြကုန်။

ထို့အတူ မိမိတို့ခန္ဓာကိုယ်မှစ၍ **(တစ်သက်လုံး မှတ်သားတွေ့ရှိသမျှကို စိတ်နှင့်၎င်း၊ မျက်စိနှင့်၎င်း)** ကြည့်သည်ရှိသော် ရှင်လူအများ၊ ယောကျာ်း မိန်းမအစရှိသည်တို့ကို၎င်း၊ ခေါင်းကိုယ်ခြေလက်တို့ကို၎င်း ထင်မြင်ကြကုန် လတ္တံ့။ (တံလျှပ်ကို ရေထင်သကဲ့သို့) ပရမတ်ဓာတ်သက်သက်မျှဖြစ်သော **(အဆင်းဓာတ်၊ အသံဓာတ်၊ အနံ့ဓာတ်၊ အရသာဓာတ်၊ အထိဓာတ်၊ အတွေးဓာတ်)**တို့ကို ပုဂ္ဂိုလ်သတ္တဝါ၊ ဒြပ်ဝတ္ထုအဖြစ် အထင်မှား အမှတ်မှား မှုသာ ဖြစ်တော့သည်။ **(အထည် ဒြပ်ပညတ်)**ကိုသာ သိသဖြင့် နိစ္စ၊ သုခ၊ အတ္တ အနေဖြင့် အမှတ်မှားနေခြင်းဖြစ်သည်။

တံလျှပ်ကိုရေထင်လျက် တရှုန်းရှုန်းလိုက်ကြကုန်သော သမင်တို့ကဲ့သို့ သတ္တဝါတို့သည်လည်း ဝတ္ထုအာရုံကာမဂုဏ်ဟူသောအကြောင်းကြောင့် လုပ်မှုကိုင်မှု သွားမှုလာမှု ရှာမှုကြံမှုတို့ဖြင့် ကာယကံတရှုန်းရှုန်း၊ ဝစီကံ တရှုန်းရှုန်း၊ မနောကံတရှုန်းရှုန်းနှင့်နေကြကုန်၏။ ထိုသမင်တို့သည် အငတ် တင်းလင်းဖြင့် သေဆုံးကြကုန်သကဲ့သို့ တံလျှပ်နှင့်တူသော ပညတ်နိုင်ငံကြီးတွင် နေကြသော သတ္တဝါအပေါင်းတို့သည်လည်း ဖြစ်ရာဘဝတို့၌ ခံစားရယူ လိုသော တဏှာတင်းလင်းဖြင့်ပင် သေဆုံးကြကုန်ရာ၏။

## "သင်္ခါရက္ခန္ဓာကို ဆိုရာဆိုကြောင်း"

သင်္ခါရဆိုသည်ကား အကျဉ်းအားဖြင့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဟူ၍ သုံးပါးရှိ၏။ **"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ"** ဟူသော

ပါဠိတော်နှင့်အညီ စေတနာ စေတသိက်သာတည်း။ အဘိဓမ္မာနည်းအားဖြင့် မူကား သင်္ခါရတရားကိုယ် (စေတသိက်) ငါးဆယ်အပြားရှိ၏။

ဤသင်္ခါရဓာတ်မျိုးတို့သည် သတ္တဝါတို့အား တဏှာ၊ မာန၊ဒိဋ္ဌိဟူသော အပြင်းအထန် စွဲလမ်းမှုဟုဆိုအပ်သော ဂါဟတရား (၃)ပါးကို အလွန် ပွားစီး တတ်ကုန်၏။ လုပ်အား၊ ကိုင်အား၊ ပြောအား၊ ဆိုအား၊ ကြံအား၊ စည်အား၊ တတ်သိလိမ္မာအားတို့ကို အမှီပြု၍ သတ္တဝါတို့၏စိတ်သည် မောက်မာ၍နေ၏။

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ရှိသော ဆွေဂုဏ်၊ မျိုးဂုဏ်၊ ဥစ္စာဂုဏ်၊ ဓနဂုဏ်၊ ဗလဂုဏ်၊ ဉာဏဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ဗဟုသုတဂုဏ်၊ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ် အစရှိသောဂုဏ်တို့သည်ကား မိုးဖျားစွင့်စွင့် ဆောက်လုပ်အပ်သော ပြမ်းတို့နှင့်တူကုန်၏။ သင်္ခါရဓာတ်တို့ကား သတ္တဝါ တို့၏စိတ်ကို ပြမ်းကြီးပေါ်၌ လွှင့်တင်မြှောက်စားကြကုန်၏။ သင်္ခါရတို့၏ မြှောက်စားချက်ကြောင့် ဘုရားကိုလည်း အံတုခဲ့ပြီ၊ တရားတော်ကိုလည်း ခုခံခဲ့ပြီ၊ သံဃာကိုလည်း တိုက်ခိုက်ခဲ့ပြီ၊ ရသေ့ရဟန်း သူတော်ကောင်းတို့ကို လည်း နှိပ်စက်ညှဉ်းပန်းခဲ့ကြလေပြီ။

လောက၌ ဒုစရိုက်အနန္တ၊ အမိုက်အမဲအနန္တ၊ အမှောက်အမှားအနန္တ တို့သည် သင်္ခါရဓါတ်တို့၏အမူချည်းသာတည်း။ **(အပါယ်သံသရာကြီးသည် ဒိဋ္ဌိအမှုးရှိသော သင်္ခါရဓာတ်တို့၏ အစီးအပွားကြီးသာတည်း)။**

**“ ငှက်ပျောတုံးပမာ သင်္ခါရက္ခန္ဓာ”**

ငှက်ပျောပင်၏ အခြင်းအရာကို မသိသောသူတို့သည် အလွန်ခက်မာ ခိုင်ခံ့လှစွာသော သစ်မျိုးဟု ထင်မှတ်ကြ၏။ ငှက်ပျောပင်သည် အနှစ်ဝေးစွ၊ အကာမျှမရှိ။ ဤကား ငှက်ပျောတုံး ဥပမာတည်း၊ အနှစ်အသားမရှိပုံတည်း။

သို့သော်သတ္တဝါတို့သည် အလိုရှိတိုင်းပြုနိုင်သော (ကာယကံ၊ ဝစီကံ၊ မနောကံ)ဟူသော (သင်္ခါရ)ဓါတ်တို့၏ မြှောက်စားမှုကြောင့် အဝိဇ္ဇာကိုပင်

ထိမထင်နေခဲ့ကြ၏။ ယခု သာသနာတွင်းမှာပင် တရားဓမ္မမသိမှု၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တမထင်နိုင်မှု မမြင်နိုင်မှုသည် သင်္ခါရဓာတ်၏ မြောက်စားမှုကြောင့် သက္ကာယဒိဋ္ဌိကိုပင် ထိမထင်ပြု၍နေကြကုန်၏။ ခပ်သိမ်းသော **(ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို ပုဂ္ဂိုလ်ပြု၍ စွဲလမ်းကြ၏။ ငါပြု၍ စွဲလမ်းကြ၏။)**

သို့သော် လိုရင်းအချုပ်ကား **(ကာယကံ၊ ဝစီကံ၊ မနောကံအမှုသည် အလွန်ထင်ရှားသော အမှုကြီး)**ဖြစ်၏။ ပရမတ္ထတရားအနေဖြင့်ကြည့်သော် **(စေတနာ)ပြဋ္ဌာန်းသော (သင်္ခါရ)ဓာတ်၏အမှုသာ**ဖြစ်၏။ သင်္ခါရဓာတ်တို့သည် မျက်တောင်တစ်ခပ်စာမျှ တည်တံ့နိုင်သော အခိုင်အမာ အနှစ်သာရ မရှိကြကုန်။

## "သင်္ခါရဓမ္မပျက်လွယ်ပုံ"

လျှုအုံ့၊ ပေးအုံ့ဖြစ်နေသော ဒါနကုသိုလ်မျိုးသည် မစ္ဆရိယ လောဘ ဝင်လာလျှင် ခဏချင်းပျောက်ပျက်၏။ သီလကုသိုလ်မျိုးသည်လည်း ဒုဿီလ အကုသိုလ်ဝင်လာလျှင် ခဏချင်းပျောက်ပျက်၏။ တန်ခိုးအဘိညာဉ်တည်းဟူသော သင်္ခါရဓာတ်ကြီးဝင်စား၍ ကောင်းကင်၌ပျံသွားနေစဉ် မာတုဂါမအသံတို့နှင့်တွေ့သဖြင့် ကောင်းကင်မှမြေသို့ ကျရောက်ရ၏။ ဒါန၊ သီလ၊ ဘာဝနာ၊ သဒ္ဓါ၊ ပညာအစရှိသော သင်္ခါရဓာတ်တို့သည်လည်း အခိုင်အမာ အနှစ်သာရမရှိပဲ ရေမြှပ်ရေပွက်ကဲ့သို့ ပျက်လွယ်ပျောက်လွယ်ကြကုန်၏။

## "ဇာတိဘေး (၃)မျိုး"

၁။ ကိလေသာ ဇာတိဘေး

၂။ ကမ္မ ဇာတိဘေး

၃။ ဝိပါက ဇာတိဘေး

ဖြစ်ခွင့်ဆိုက်သည်ရှိသော် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ အစရှိသော ကိလေသာတို့၏ ဘယ်အခါမဆို ဖြစ်နိုင်သောအမှုသည် ကိလေသာဇာတိ

ဘေး မည်၏။ ကိဘေးသာဖြစ်မှုရှိပြန်က ဒုစရိုက်ကံတို့၏ ဘယ်အခါမဆို ဖြစ်နိုင်သော အမှုသည် ကမ္မဇာတိဘေးမည်၏။ ဖြစ်ခွင့်ဆိုက်သည်ရှိသော် ရောဂါဘေး၊ အနာဘေးဖြစ်မှု၊ သေခဲ့လျှင် အပါယ်ဇာတိဖြစ်မှုသည် ဝိပါက ဇာတိဘေးမည်၏။

ထိုဘေးတို့ဆိုက်ရောက်ခဲ့လျှင် သင်္ခါရဓာတ်တို့၏ ရေမြုပ်ရေပွက်မျှ အခိုင်အမာ အနှစ်သာရမရှိမှု အခုအခံမရှိမှုကြောင့် စင်း၍ခံနေကြရလေသည်။

## "ဝိညာဏက္ခန္ဓာကို ဆိုရာဆိုကြောင်း"

ဝိညာဏဟူသော ဒေသနာတော်မြတ်၌ စက္ခုတွင် အဆင်းသဏ္ဌာန် ထိခိုက်၍နေဆဲအခါမှာ စက္ခု၌ဖြစ်ပေါ်သော မြင်မှုသည် စက္ခုဝိညာဏဓာတ် မည်၏။ နား၌ အသံနှင့် ထိခိုက်မှုကြောင့် သောတဝိညာဏဓာတ်၊ နှာခေါင်း၌ အနံ့နှင့် ထိခိုက်မှုကြောင့် ဃာနဝိညာဏဓာတ်၊ လျှာ၌ အရသာနှင့် ထိခိုက် မှုကြောင့် ဇိဝှါဝိညာဏဓာတ်၊ ကိုယ်၌အထိနှင့် ထိခိုက်မှုကြောင့် ကာယဝိညာဏ ဓာတ်၊ မနော၌ ကြံသိမှုနှင့် ထိခိုက်မှုကြောင့် မနောဝိညာဏဓာတ်မည်၏။

## "မျက်လှည့်ပမာ ဝိညာဏက္ခန္ဓာ"

မျက်စိရှေ့၌ရှိသမျှသော ဒြပ်ဝတ္ထုတို့ကို မျက်စိဖြင့် မြင်ကြရာ၌ အရှိ **(ဓာတ်သဘာဝကို မြင်ကြသည်မဟုတ်။)** ဝိညာဏ်သည် ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျ်ားမိန်းမ အစရှိသည့် အထည် ဒြပ်ပညတ်တွေကိုသာ မြင်ကြရကုန်၏။

ဤအရာ၌ အဆင်းတည်းဟူသော (ရူပဓာတ်)သည် ပရမတ်တရား အစစ်ဖြစ်၏။ အမှန်ဖြစ်သော ရူပဓာတ်ကို မြင်ကြသည်မှန်သော်လည်း **ရူပ ဓာတ်ကို ခြားနား၍ (သီးခြား)မြင်ကြသည်မဟုတ်၊** ရူပဓာတ်၏ အနိစ္စ အချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကို မြင်ကြသည်မဟုတ်။

ဝိညာဏ်သည် မျက်လှည့်ပမာလှည့်စားပြီး ပညတ်ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါ၊ အထည်ဝတ္ထုကိုသာ ငါမြင်သည်ဟု ဖြစ်ကြကုန်၏။ ဤကား မျက်လှည့်

အသွင်ကဲ့သို့ ဝိညာဏ်၏ လှည့်စားနေပုံကို ပြဆိုလိုက်သောအချက်တည်း။

ရုပ်ဓာတ်နာမ်ဓာတ်တို့ကိုငင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာဓာတ်တို့ကိုငင်း ဓမ္မစက္ခုကိုငင်း ရရှိသောသူတို့အား မျက်စိတွင် ပုဂ္ဂိုလ်သတ္တဝါမြင်ကြငြားသော်လည်း ဓမ္မစက္ခုနှင့် ရှင်းလင်းပြီးဖြစ်၍ မှောက်မှားမှု စွန်းငြိမှုမရှိကြကုန်ပြီ။ (မျက်မြင်မယူ၊ ဉာဏ်မြင်ယူ၏။)

## "ဓာတ်ကမ္မဋ္ဌာန်း"

ဓာတ်(၁၈)ပါးကိုမပြမီ ဒေသနာတော်နည်းအတိုင်း ရှေးဦးစွာ ဥပမာတို့ကို ထုတ်ပြလတ္တံ့။ မီးတောက် (၆)မျိုးရှိ၏။ ၁။ ထင်းမီးတောက်၊ ၂။ ထင်းပေါက်မီးတောက်၊ ၃။ မြက်မီးတောက်၊ ၄။ နွားချေးမီးတောက်၊ ၅။ အမှိုက်မီးတောက်၊ ၆။ ဖွဲမီးတောက်ဟူ၍ဖြစ်၏။ ထိုမီးတောက် (၆)ပါးတို့သည် အသီးအခြားစီ ဖြစ်ကြကုန်၏။

ထင်းမီးတောက်သည် ထင်း၌သာဖြစ်၏။ ထင်း၌သာတည်၏။ ထင်း၌သာပျက်၏။ ထင်းပေါက်မီးတောက် စသည်တို့သည်လည်း ထင်းပေါက်တို့၌သာ တည်၏။ ပျက်၏။ (ထင်းမီးတောက်သည် ထင်းပေါက်သို့ ကူးပြောင်းသည်မရှိ။ ထင်းပေါက်မီးတောက် စသည်တို့သည်လည်း တစ်ခုမှ တစ်ခုသို့ ကူးပြောင်းသည် မရှိကြကုန်)။

မျက်မြင်လောက၌ မီးတစ်ခုသည် မီးစာတစ်ခုသို့ ကူးပြောင်းမှုရှိသည်ဟု ထင်ကြသေည်လည်း မီးစာတစ်ခု၌ မီးတောက်စေလိုသည်ရှိသော် မီးစာကိုမြိုက်၍ ထိုမီးစာ၌ရှိရင်းဖြစ်သော **(တေဇောဓာတ်ကို လှုံ့ဆော်၏။ အားပေး၏။ ထိုအခါ ထိုတေဇောဓာတ်သည် ထ၍တောက်၏)**။ ထိုမီးစာ၌ မီးတောက်ရ၏။ တစ်ပါး သော မီးတောက်သည် ထိုမီးစာသို့ **(ကူးပြောင်းသည်မဟုတ်)**။

## "ဓာတ် (၁၈)ပါးကို ဆိုရာဆိုကြောင်း"

ယခုအခါ ဓာတ် (၁၈)ပါးကို ပြဆိုပေအံ့။ ရဟန်းတို့ မျက်စိဟူသော

စက္ခုဓာတ်ကိုဂင်း၊ အဆင်းဟူသော ရူပဓာတ် ကိုဂင်း (အစွဲပြု၍) ဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုဝိညာဏ်ကို စက္ခုဝိညာဏဓာတ်ဟုခေါ်၏။ ထို့အတူ သောတဓာတ်နှင့်သဒ္ဒဓာတ်ကို အစွဲပြု၍ သောတဝိညာဏဓာတ်သည်ဂင်း၊ ဃာနဓာတ်နှင့်ဂန္ဓဓာတ်ကို အစွဲပြု၍ ဃာနဝိညာဏဓာတ်သည်ဂင်း၊ ဇိဝှါဓာတ်နှင့်ရသဓာတ်ကို အစွဲပြု၍ ဇိဝှါဝိညာဏဓာတ်သည်ဂင်း ကာယဓာတ်နှင့် ဖေါဋ္ဌဗ္ဗဓာတ်ကို အစွဲပြု၍ ကာယဝိညာဏဓာတ်သည်ဂင်း (ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း ဒွေး)ဟုဆိုအပ်သော မနောဓာတ်နှင့် အာရုံငါးပါးတို့မှကြွင်းသော ခပ်သိမ်း ကုန်သော ကုသိုလ် အကုသိုလ် အဗျာကတ ဓမ္မဓာတ်ကို အစွဲပြု၍ မနော ဝိညာဏဓာတ် (ပဥ္စဝိညာဏဓာတ်-၁၀၊ မနောဓာတ်-၃ခုမှ ကြွင်းသောစိတ်-၇၆-ခု)သည်ဂင်း ဖြစ်ပေါ်နေကြကုန်၏။

ဘုရားရှင်လက်ထက်တော်၌ သာတိအမည်ရှိရဟန်းအား မိစ္ဆာဒိဋ္ဌိ အယူသည်ဖြစ်ပေါ်၏။ နိစ္စဒိဋ္ဌိတည်း။ ဝိညာဏ်သည် သတ္တဝါတစ်ယောက်မှာ တစ်ခုသာရှိ၍ ရင်းတွင်းမှာ အမြဲတည်၏။ မျက်စိမှာ ရူပါရုံထင်လာသော အခါ ထိုဝိညာဏ်သည် မျက်စိပေါက်သို့ပြောင်းရွှေ့၍ ရူပါရုံကိုကြည့်၏။ နားမှာ အသံထင်ပြန်လျှင် နားသို့ပြောင်းရွှေ့၍ သဒ္ဒါရုံကိုကြား၏။ ဤနည်းတူ ခြောက်ဒွါရတို့၌ အာရုံလာရာ ပြောင်းရွှေ့ပြေးသွား၍ ခံစား၏။ တစ်ဘဝလုံး တစ်ခုတည်းဖြစ်၍ အမြဲတည်၏။ ဘဝပြောင်းလျှင်လည်း ထိုဝိညာဏ်တစ်ခု တည်းပင် ထိုထိုဘဝသို့ပြောင်း၏။ ချုပ်သည်၊ ပျက်သည်ဟူ၍မရှိ။ သဿတ ဒိဋ္ဌိမျိုးတည်း။

ထိုအယူကို ပယ်ဖျောက်၍ ဝိညာဏ်၏ အနိစ္စဓမ္မမျိုး၊ အနတ္တဓမ္မမျိုး စင်စစ်ဖြစ်ကြောင်း ပြတော်မူခြင်းငှာ ရှေ့ဖော်ပြပါ မီးတောက် (၆)မျိုးနှင့် ဥပမာ ပေးထားကုန်၏။ ဝိညာဏ်တို့သည် **(ကူးပြောင်းခြင်းမရှိ)သော (အနိစ္စ၊ အနတ္တ)**ဓမ္မမျိုးသာ ဖြစ်ကြကုန်၏။

## “ဟဒယဓာတ်အိမ် အချုပ်အချာဖြစ်ပုံ”

ပဋိသန္ဓေအခါမှစ၍ ဖြစ်ပေါ်လာခဲ့သော ဘဝင်ဟုခေါ်သော မနောဝိညာဏဓာတ်မီးတောက်သည် ဟဒယဓာတ်အိမ်အတွင်းရှိ ဟဒယဝတ္ထုရုပ်ကို စွဲမှီ၍ ခဏမစဲ တဖွားဖွားဖြစ်ပေါ်နေ၏။ အလွန် မှေးမှိန်သော မီးတောက်တစ်မျိုး သာတည်း။ အာရုံမှာလည်း ရှေ့ဘဝက မရဏာသန္နတွင် ထင်မြင်ခဲ့ဘူးသော အာရုံဟောင်းတစ်ခုကိုသာ အမြဲအာရုံပြုထား၏။ ထို့ကြောင့် ထိုဘဝင်၏ အာရုံကို ထိုပုဂ္ဂိုလ်သည် မသိနိုင်။ တစ်ခြားသော ဝိညာဏဓာတ်တို့ ဖြစ်ပေါ် သောအခါ၌သာ ထိုဘဝင်စိတ်သည် ပြတ်စဲ၏။

ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ ခဏမစဲ တဖွားဖွားဖြစ်ပေါ်နေသော မနော သည် ဘဝင်မနောနှင့် ဇောမနောဟူ၍နှစ်မျိုးရှိ၏။ ဘဝင်မနော သည် ခန္ဓာကိုယ် မသေမပျောက်ရုံမျှ စောင့်ရှောက်ထား၏။ ဇောမနော သည် ကိုယ်အမှု၊ နှုတ် အမှု၊ စိတ်အမှုတို့ကို ပြုနိုင်သောစိတ်မျိုးတည်း။

**စိတ်သည် တစ်ကိုယ်လုံးမှာ နေရာ(တစ်ခု)၌သာ ဖြစ်ပေါ်မြဲ ဓမ္မတာ တည်း။ (ပြိုင်၍)ဖြစ်ပေါ်သည်မရှိ။** စက္ခုဓာတ်အိမ်မှာ ဖြစ်ပေါ်ဆဲအခါ၌ ကျန်တစ်ကိုယ်လုံးမှာ စိတ်မရှိ သောတဓာတ်အိမ် စသည်တို့မှာ ဖြစ်ပေါ်ဆဲ အခါတို့၌လည်း ဤနည်းတူသိလေ။ **ဤကား ဓမ္မတာတည်း။** သို့သော်စိတ်၏ ဖြစ်မှုပျက်မှုမည်သည် မျက်တောင်တစ်ခတ်၌ပင် ကုဋေတစ်သိန်း လျှင်မြန်လှ သည်ဖြစ်၍ ထိုအဆင်းကို မြင်မှု၊ ထိုအသံကိုကြားမှုတို့သည် အပြိုင်ဖြစ် သကဲ့သို့ ထင်ရကုန်၏။ ဤသည်လည်း ဓမ္မတာတည်း။

## “ မြင်မှု နှင့် သိမှု ”

(စက္ခုဝိညာဏဓာတ်)ဆိုသည်ကား အဆင်းအမျိုးမျိုးကို မြင်မှု

သက်သက် သာတည်း။ မျက်စိဖြင့်မြင်ပြီးနောက် ကြံမှုသိမှုတို့ကား မနောဝိညာဏဓာတ်တို့၏ အမှုသာတည်း။ **မြင်ဆဲခဏ၌ ငါမြင်သည်ဟု မသိသေး၊ နောက် လိုက် (မနောဝိညာဏဓာတ်ဖြစ်ပေါ်မှ ငါမြင်သည်ဟု)သိ၏။** မြင်အပ်သော ဝတ္ထု၏အဖြူ အနီ၊ အဆင်း၊ သဏ္ဌာန်၊ အမည် စသော **(ပညတ်)တို့ကိုလည်း နောက်လိုက် (မနောဝိညာဏဓာတ်) ဖြစ်ပေါ်မှ သိနိုင်၏။**

**(မြင်မှု)ကား စက္ခုဓာတ်အိမ်မှဖြစ်၍ (သိမှု)ကား ဟဒယဓာတ်အိမ်မှ ဖြစ်၏။ ဓမ္မအလိုအားဖြင့် မြင်မှုသိမှုနှစ်ပါးသည် (တစ်ခြားစီ)သာ ဖြစ်၏။** မြင်တစ်လှည့် သိတစ်လှည့် အစဉ်အတိုင်းသွား၏။ **လောကအလိုအား ဖြင့်ကား စိတ်သည် အလွန်မြန်လှသောကြောင့် မြင်မှုသိမှုကို (တစ်ခုတည်း)၊ (တစ်ပြိုင်တည်း) ထင်ကြရ၏။** ဤနည်းတူပင် ကြားမှု၊ နံမှု၊ စားမှု၊ ထိမှုတို့၌လည်း တစ်စုံတစ်စုံ ဖြစ်ကြ၏။ (ကြံသိမှု တစ်ခုသာ ဟဒယဓာတ် အိမ်မှချည်း) ဖြစ်ပေါ် ရ၏။ ဤသည်လည်း ဓမ္မတာတည်း။

**"အကြည်ဓာတ်နှစ်ခုမှာ တစ်ပြိုင်နက်ခိုက်၏"**

မျက်စိနှင့် လဗိမာန်ကိုကြည့်ရာ၌ လဝန်းအဆင်း သဏ္ဌာန်သည် စက္ခု အိမ်အတွင်းရှိ (မျက်စိအကြည်ဓာတ်)၌၎င်း ဟဒယအိမ်အတွင်းရှိ ဘဝင် ဟူသော (မနောအကြည်ဓာတ်)၌၎င်း အကြည်ဓာတ်နှစ်ခုကို (တစ်ပြိုင်နက် တစ်ချက်တည်း)ခိုက်၏။ စက္ခုအိမ်အတွင်းမှာ လဝန်းတစ်ခု၊ ဟဒယအိမ် အတွင်းမှာ လဝန်းတစ်ခု (တစ်ပြိုင်နက်)အရိပ်ပေါ်၏။

ထိုအခါ ဟဒယအိမ်မှာ ဘဝင်စိတ်လှုပ်ရှား၍ ဘဝင်အစဉ်ပြတ်၏။ ထိုလဝန်းကိုဆင်ခြင်သော အာဝဇ္ဇန်းစိတ်သည် ရှေးဦးစွာ ဖြစ်ပေါ်၏။ ဘာလဲ ဟု (ဆင်ခြင်မှု)ပေတည်း။ ပဉ္စဒွါရာဝဇ္ဇာန်းစိတ်ဖြစ်၏။ ဆင်ခြင်မှုချုပ်သည့် နောက် စက္ခုအိမ်အတွင်းမှာ စက္ခုဝိညာဏဓာတ် တစ်ကြိမ်ဖြစ်ပေါ်၏။ (မြင်မှု)

ဖြစ်ပေါ်ခြင်းတည်း။ မြင်မှုချုပ်သည့်နောက် ဟဒယအိမ်၌ (သိမှုကြံမှု) ဖြစ်ပေါ်၏။ ထို့နောက် မြင်တစ်လှည့်၊ သိတစ်လှည့်ဖြင့် ကြံစီမှုတွေ အကြိမ်ပေါင်း အသိန်းအသန်းများစွာ ဖြစ်နေကြ၏။ ဤသို့ ဖြစ်နေသည်ကိုပင် ငါမြင်သည်၊ ငါကြည့်သည် အစရှိသည်ဖြင့် ထင်မှတ်စွဲလမ်းကြကုန်၏။

ဤမြင်သိမှု၌ လဝန်းဟူသော အဆင်းအရောင်သည် စက္ခုနှင့်ဟဒယဟူသော ဓာတ်မီးအိမ်နှစ်ခု၌ (တစ်ပြိုင်နက်)ထိခိုက်၏။ ဟဒယဓာတ် မီးအိမ်၌ မနောဝိညာဏဓာတ်မီးတောက်တို့သည် အစဉ်အတိုင်းတောက်ကြကုန်၏။ (ဇော ခေါ် ဝိညာဏ) ဓာတ်မီးသည် အလွန်ကြီးမားသော အဟုန် ရှိ၏။ လောဘ၊ ဒေါသ၊ မောဟအစရှိသော ပြင်းထန်သော အခိုးအရှိန်ရှိ၏။ (အာရုံ)ဝတ္ထုသည် လောဘ၏(လောင်စာ)ဖြစ်ခဲ့အံ့။ ထိုလောဘဓာတ် မီးတောက်မှ ဖြစ်ပွား ကုန်သော (စိတ္တဇရုပ်)တို့သည် တစ်ကိုယ်လုံး၌ တစ်ပြိုင်နက် အပြည့်အနှံ့ ဖြစ်ပွားကုန်၏။ ဒေါသမီး မောဟမီးစသည့် မီးအပေါင်းတို့လည်း ဤနည်း အတိုင်းပင် ဖြစ်ပွားကြကုန်၏။

ပြောဆိုခြင်းအစရှိသော စကားသံအမျိုးမျိုးကို ဖြစ်စေရာ၌လည်း အသံကိုပြုအံ့ဟူသော (စေတနာ)ဇောမီးဓာတ်သည် ဟဒယဓာတ်အိမ်မှ တောက်ထလတ်သော် ထိုလည်ချောင်း၊ ခံတွင်းပေါက်တို့၌ (စိတ္တဇဝါယော) လေဓာတ်တို့သည် ဖြစ်ပေါ်ကုန်၏။ လည်ချောင်းအတွင်း၌ အခင်၊ အာခေါင်၊ ခံတွင်း၊ လျှာရင်း၊ လျှာဖျား၊ သွား၊ နှုတ်ခမ်းတို့ ထိခိုက်မှုကြောင့် အက္ခရာအသံ၊ စကားသံတို့သည် ထွက်ကြရကုန်၏။ ဤကား ဟဒယဓာတ်အိမ်မှ ဝစီကံကိစ္စနှင့်တောက်ထသော တေဇောဓာတ်မီးတို့၏ အခြင်းအရာတည်း။

ထိုင်၊ ထ၊ ပြေး၊ သွား၊ ကွေး၊ ဆန့်အစရှိသော ကာယကံမှု အမျိုးမျိုး၌လည်း ပြုလုပ်လိုသော (စေတနာ)ဇောဓာတ်မီးတို့သည် ဟဒယဓာတ်အိမ်မှ တောက်လောင်လတ်သော် ထိုဇောဓာတ်မီးတောက်တို့မှ ဖြစ်ပွားကုန်သော

(စိတ္တဇဓာတ်လေ)တို့သည် စိတ်အလိုရှိရာ အင်္ဂါတို့၌ အပြည့်အတင်း ဖြစ်ပေါ်လာပြီး လှုပ်ရှားခြင်းစသည်တို့ကို ပြုကြကုန်၏။ ထိုအခါ ထ၊ သွား၊ ပြေး၊ လွှား၊ ကွေး၊ ဆန့်စသည်တို့သည် ဖြစ်လေကုန်၏။

ဤတွင်ကား အဆင်းအမျိုးမျိုးဟူသော ရူပဓာတ်ကြောင့် စက္ခုဓာတ်အိမ် နှင့်ဟဒယဓာတ်အိမ်နှစ်ခုတို့ ထိခိုက်မှုကို(အစွဲပြု၍) ဟဒယဓာတ်အိမ်မှ တောက်လောင်သော ဝိညာဏဓာတ်မီး၏အစွမ်းဖြင့် (ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု)တို့ ဖြစ်ပွားပုံကို ပြဆိုသောအခန်းတည်း။ ဤကဲ့သို့ **ကံ(၃)ပါးနှင့် နေခြင်းသည်** ပုဂ္ဂိုလ်၏အမှုမဟုတ် သတ္တဝါ၏အမှုမဟုတ်၊ **(ဓာတ်)တို့၏ အမှုသက်သက်သာတည်း။**

## “ဒွါရအလိုက်သာ ခိုက်ဖေါ်ခိုက်ဖက် ဖြစ်ကြကုန်၏”

အဆင်းရူပဓာတ်သည် စက္ခုဓာတ်နှင့်သာ ခိုက်ဖော်ခိုက်ဖက်ဖြစ်နိုင်၏။ အဆင်းကို နားနှင့် မြင်ရိုးမရှိ၊ နှာခေါင်းနှင့် မြင်ရိုးမရှိ၊ မျက်စိနှင့်သာ မြင်ရိုးရှိ၏။ ဤမျှသောစကားရပ်ဖြင့် စက္ခုဝိညာဏဓာတ်သည် စက္ခုအကြည်ပြင်တွင် အဆင်းထိခိုက်ရာ၌သာ ဖြစ်ပေါ်၍ ဖြစ်ပေါ်ရာ၌ ချုပ်ပျက်၏ဟူသော အဓိပ္ပါယ်ကို ပြသတည်း။

ထို့ပြင် အဖြူ အညိုစသော အဆင်းသဏ္ဌာန်အမျိုးမျိုးတို့တွင် အဖြူနှင့် ထိခိုက်၍ ဖြစ်ပေါ်လာသော မြင်မှုသည် အဖြူကိုသာမြင်၍ ချုပ်၏။ အညိုသို့ (ပြောင်းရွှေ့ခြင်းမရှိ)။

(မြင်မှု)သည် စက္ခုဝတ္ထုမှသာ ဖြစ်ပေါ်နိုင်၏။ (သိမှု)သည် ဟဒယဝတ္ထုမှသာ ဖြစ်ပေါ်နိုင်၏။ ထို့ကြောင့် တစ်ပါးနှင့်တစ်ပါး ဓာတ်အိမ် (ကူးပြောင်းခြင်း)မရှိကြ၊ တစ်ခုချုပ်မှ တစ်ခုဖြစ်ပေါ်ကြရ၏။

## “ထိမှု သိမှု”

မြေပြင်ဟူသော ပထဝီဖေါဋ္ဌဗ္ဗဓာတ် ထိခိုက်မှုကြောင့် ခြေဖဝါးပြင်၌

ဖြစ်ပေါ်လာသော နာမက္ခန္ဓာလေးပါးတို့တွင် ထိမှုခေါ်သော (သိမှု) အထူးကား (ဝိညာဏက္ခန္ဓာ)တည်း။ ခြေကိုကြွချီ၍ မြေမှလွတ်သောအခါ နာမက္ခန္ဓာလေးပါးသည် ထိုနေရာမှာ ချုပ်ဆုံးကွယ်ပျောက်လေ၏။ အနိစ္စရောက်လေ၏။ မြေပြင်ကိုနင်းမိသည်ဟု ပုဂ္ဂိုလ်၏သိမှုကား ဟဒယဓာတ်အိမ်ဆိုင်ရာတည်း။ သိမှုဟူသော မနောဝိညာဏဓာတ်တို့ဖြစ်ပေါ်၍ ထိမှု၏နောက်လိုက်ဖြစ်ကြကုန်၏။ ခြေဖဝါးပြင်၌ ထိမှုတစ်သုတ်ချုပ်မှ ဟဒယဓာတ်အိမ်၌ သိမှုတစ်သုတ်ဖြစ်ပေါ်ရ၏။

အကျဉ်းချုံးလိုသော် (ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ)ဟူ၍ နှစ်ပုံပြု၍ရှုရာ၏။ ခြေဖဝါး ကာယဝတ္ထုရုပ်နှင့် မြေပြင် ဖောဋ္ဌဗ္ဗရုပ်တို့ကား ရုပ်ဓာတ်တည်း။ နာမက္ခန္ဓာလေးပါးတို့ကား နာမ်ဓာတ်တည်း။ ထိခိုက်စဉ်တွင် ထင်ရှားဖြစ်ပေါ်နေသော **(ထိမှုသိမှုဟူသော နာမ်ခန္ဓာ)**ကို ဉာဏ်ထဲတွင် အသီးအခြားထင်ရှားစွာ မြင်နိုင်ထင်နိုင်အောင်ရှုရာ၏။**(ရုပ်ခန္ဓာနှင့်မရောထွေးနှင့်။)**

## "အစိုးမရ အနတ္တ"

မိမိတို့ညှိထွန်းထားသော မီးတောက်ကို မိမိတို့အစိုးရသည်ဟု လောကပညတ်ရှိ၏။ စင်စစ် မီးတောက်သည် မီးခွက်၊ မီးစာ၊ ဆီ၊ ထွန်းညှိမှု ပယောဂဟူသော အကြောင်းကင်း၍ ပုဂ္ဂိုလ်၏ **(အလိုသက်သက်)**အားဖြင့် မတတ်နိုင်။ အကယ်၍ အစိုးရသည်ဖြစ်အံ့။ ထိုပုဂ္ဂိုလ်၏စိတ်က တောက်စေလိုလျှင် ကောင်းကင်သက်သက်မှာပင် တောက်ရလတ္တံ့။ စိတ်ကတည်နေစေလိုလျှင်လည်း နေ့ရက်များစွာ မီးတောက်တည်နေအံ့။ ထိုသို့ကားမဟုတ်၊ အကြောင်းစုနှင့်ကင်း၍ အလိုသက်သက်နှင့် တောက်မှု၊ တည်မှု၊ ပူမှုတို့၌ အစိုးမရ။ **(အကြောင်းစု)**ကို စုံလင်အောင်ပြုလျှင် မီးစာ၊ ဆီရှိနေသမျှ တောက်မှုသည် တည်၏။ ထို့ကြောင့် မီးတောက်သည် မီးခွက်၊ မီးစာ၊ ဆီ၊ ထွန်းညှိမှု ပယောဂဟူသော **(အကြောင်းတရား(၄)ပါး)**ကို (စွဲ၍)သာဖြစ်၏။

ပုဂ္ဂိုလ်၏အလိုသို့မလိုက်၊ အစိုးမရ သဘာဝအနတ္တသာတည်း။

## "ဒိဋ္ဌိ နှင့် ဓာတ်ကမ္မဋ္ဌာန်း"

ကိလေသာအပေါင်းတို့တွင် ဒိဋ္ဌိကိလေသာအမြစ်ပြတ်လျှင် ခပ်သိမ်းသော ဒုစရိုက် အမှားကြီးတို့သည် အမြစ် ပြတ်ကြလေကုန်၏။ ထိုသူမှာ အပါယ်သံသရာကြီး အပြီးချုပ်ငြိမ်း၏။ အနတ္တဝိပဿနာမှုသည် ဒိဋ္ဌိကိလေသာကို အမြစ်ပြတ်မှု သက်သက်ပေတည်း။ ပြဆိုခဲ့ပြီးသော **(ဓာတ်ကမ္မဋ္ဌာန်း)မှုသည် အထူးအားဖြင့် (အနတ္တ)ဝိပဿနာမှုပင်တည်း။**

## "အနိစ္စနုပဿနာ"

ဓာတ်တို့၏ ခဏမစဲ ချုပ်ပျက်ပျောက်ကွယ်မှုကို ဉာဏ်၌ ကောင်းကောင်း ထင်မြင်သည်ရှိသော် သဏ္ဌာန်အရိပ် (နိမိတ်)ကြီးငယ်စုသည် (ဉာဏ်)၌ အလိုလိုကွယ်ပ၏။ ထိုအနိစ္စနုပဿနာကို အနိမိတ္တာနုပဿနာဟု ဆိုသတည်း။

## "ဒုက္ခနုပဿနာ"

ဓာတ်တို့၏ ဒုက္ခသဘာဝအချက်တွေကို ဉာဏ်၌ ကောင်းကောင်း ထင်မြင်သည်ရှိသော် (သုခ၊ သုခ)အခြင်းအရာတို့ကို (ဉာဏ်အမြင်)၌ အလိုလို ကွယ်ပ၏။ ထိုဒုက္ခနုပဿနာကို အပဏိဟိတနုပဿနာဟု ဆိုသတည်း။

## "အနတ္တနုပဿနာ"

ဓာတ်သဘာဝတို့ကို (ဉာဏ်)မှာကောင်းကောင်း ထင်မြင်သည်ရှိသော် ခန္ဓာငါးပါးကို အနှစ်သာရ မရှိသည့်အတွက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝမဟုတ်၊ တုစ္ဆ (သုည)အထိ မြင်လေ၏။ ထိုအနတ္တနုပဿနာကို သုညတနုပဿနာဟု ဆိုသတည်း။

(ဤတွင် ကမ္မဋ္ဌာနဒီပနီ အပြီးသတ်၏။)

ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပျံ ခတ်ဆရာကြီး ဆရာမြို့လျှောက် ထားအပ်သည်ဖြစ်၍ **"လက်ပံတောင်း"** အမည်ရှိသော တောင်စောင်းဝယ် ဝါကပ်သီတင်းသုံးနေသော **လယ်တီတောကျောင်းဆရာ** ငါသည် **"ကမ္မဋ္ဌာနဒီပနီ"** ဤစာကျမ်းသစ်ကို ၁၂၆၅- ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၅)ရက်နေ့၌ ပြုစီရင်အပ်အပြီးသတ်သတည်း။